နိဗ္ဗာန သစ္ဆိကိရိယာ စ ဧတံ မင်္ဂလ မုတ္တမံ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်၊ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၈၈)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်သမ္မတထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဒီဇင်ဘာ ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်တောင်ပိုင်းဒေသ ချုံချင့်ပြည်နယ်တွင် သဘာဝဓာတ်ငွေ့လုပ်ငန်းခွင်၌ ပေါက်ကွဲမှုကြောင့် အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

သမိုင်းပေးတာဝန်တစ်ရပ်

"ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှု၏ ဆိုးမွေများဖြစ်သည့် တိုင်းရင်းသားသွေးချင်းများအကြား သံသယပွားမှု၊ မုန်းတီးမှု၊ မညီညွတ်မှု စသည့် မမှန်ကန်သော ဆိုးညစ်သည့်သဘောထားများကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အပြီးတိုင်ဖယ်ရှားပစ်ရေးမှာ မြန်မာတိုင်းရင်းသားလူမျိုးများအားလုံးအတွက် သမိုင်းပေးတာဝန်တစ်ရပ်ပင် ဖြစ်သည်။"

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်
မူလတန်းဆရာအတတ်သင်တန်း အမှတ်စဉ်(၃၅)သင်တန်းဆင်းပွဲ သြဝါဒမိန့်ခွန်းမှ–

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ဒုတိယသမ္မတထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဒီဇင်ဘာ ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်တောင်ပိုင်းဒေသ ချုံချင့်ပြည်နယ်တွင် သဘာဝဓာတ်ငွေ့လုပ်ငန်းခွင်၌ ပေါက်ကွဲမှုကြောင့် အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာကျန်းချင်းဟုန်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်အမျိုးသမီးဖက်ဒရေးရှင်း ဒုတိယဥက္ကဋ္ဌအားလက်ခံတွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးဖက်ဒရေးရှင်းမှ ဒုတိယဥက္ကဋ္ဌ Mme.Chen Xiurong နှင့် အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ယင်းသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun လည်း တက်ရောက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးဖက်ဒရေးရှင်းမှ ဒုတိယဥက္ကဋ္ဌ Mme. Chen Xiurong နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။(သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ်ညှိနှိုင်း တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၂၆

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ခန်းမဆောင်၌ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်း၊ စစ်ဦးစီး အရာရှိချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊

စာမျက်နှာ ၁၁ ကော်လံ ၁ ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့များ ပီပြင်စွာလေ့လာနိုင်ရေးဆောင်ရွက် ပြည်သူများ စိတ်အေးချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရေးကြိုးပမ်း

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ လိုက်ပါလျက် ဒီဇင်ဘာလ ၂၅ ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ သာကေတမြို့နယ် ရန်ကုန်-သန်လျင်တံတားအနီးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ စီမံကိန်းလုပ်ငန်း ရှင်းလင်းခန်းမ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ တည်ဆောက်လျက်ရှိသည့် နန်းမြင့်မျှော်စင် ပင်မဝင်ပေါက်မုခ်ဦး၊ နားနေဆောင်များ ထပ်မံဆောက်လုပ်ခြင်း၊ ကျေးရွာအတွင်း လမ်းများ ကတ္တရာခင်းဆောင်ရွက်ခြင်း၊ ဇွဲကပင်တောင် တည်ဆောက်မှုလုပ်ငန်း၊ တိုင်းရင်းသားအစားအစာ အရောင်းဆိုင်များတို့ချဲ့ဖွင့်လှစ်ခြင်း၊ တိုင်းရင်းသားရိုးရာ အဆောက်အအုံများ မွမ်းမံခြင်း၊ ရတနာတန်းဝင်သစ်ပင်များ တစ်အုပ်တစ်မစိုက်ပျိုးခြင်း၊ လက်ရှိလမုတောကို ထိန်းသိမ်းခြင်း၊ ငှက်လှောင်အိမ်အတွင်း သစ်ပင်များစိုက်ပျိုးခြင်းနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲများ ကျင်းပသွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က-

"ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ရောက်ရှိကြသူများအနေဖြင့် ပြည်ထောင်စုတိုင်းရင်းသားများ၏ ရိုးရာဓလေ့များ ပီပီပြင်ပြင် လေ့လာသိရှိနိုင်ရေးအတွက် လိုအပ်သည့် ရိုးရာဓလေ့အထိမ်းအမှတ်အင်္ဂါရပ်များ ပြည့်ပြည့်စုံစုံ ဖြည့်စွက်သွားရေး၊ စိတ်အေးချမ်းမြေ့စွာဖြင့် အပန်းဖြေအနားယူနိုင်ရေးတို့အတွက် ပန်းအလှပင်များ၊ ရတနာတန်းဝင်သစ်ပင်ကြီးများ တစ်အုပ်တစ်မစိုက်ပျိုးပြီး သဘာဝတောတောင်အလှအပများ ခံစားနိုင်ရန် ဆောင်ရွက်သွားရေး"

တို့ကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း တည်ဆောက်လျက်ရှိသည့် နန်းမြင့်မျှော်စင် တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ နန်းမြင့်မျှော်စင်ပေါ်မှ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ပတ်ဝန်းကျင်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ပြည်ထောင်စုကြီးအတွင်း သမိုင်းအစဉ်အဆက် မှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထင်ရှားပေါ်လွင်စွာ တစုတစည်းတည်း လေ့လာနိုင်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုကိန်းအောင်းခိုင်မာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုဖြစ်ထွန်း ခိုင်ကျည်လာစေရန် ရည်ရွယ်၍ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် တိုင်းရင်းသားလူမျိုးများ၏ နေ့စဉ်လူနေမှုဘဝကို ပေါ်လွင်စေမည့် ရိုးရာအိမ်များကို အခြေခံထားပြီး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တိုင်းရင်းသားရိုးရာအိမ်များကို နေရာချထားရာတွင်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့်အတိုင်း မြောက်ဘက်မှစ၍ ကချင်၊ ရှမ်း၊ ကယား၊ ကရင်၊ မွန်၊ ဗမာ၊ ရခိုင်နှင့် ချင်း အစဉ်ဖြင့် နေရာချထား ဆောက်လုပ်ခဲ့သည်။ တိုင်းရင်းသားကျေးရွာအလိုက် ဒေသအထိမ်းအမှတ် အဆောက်အအုံများဖြစ်သော ရခိုင်ရွာ၌ ထုက္ကန့်သိမ်၊ မွန်ရွာတွင် ကျိုက်ထီးရိုးစေတီ၊ ကရင်ရွာတွင် ဇွဲကပင်တောင်၊ ချင်းရွာ၌ ရိဒ်ရေကန်၊ ကချင်ရွာတွင် ခါကာဘိုရာဇီတောင်၊ ရှမ်းရွာ၌ အင်းလေးကန်နှင့် ကယားရွာတွင် တောင်ကွဲစေတီပုံတော်များနှင့် ငွေတောင်ဆည် စသည်တို့ကို တည်ဆောက်ပေးထားသည်။

သို့ဖြစ်ရာ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ လာရောက်လေ့လာသူများအနေဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ပီပီပြင်ပြင် လေ့လာသိရှိနိုင်ရေး ဆောင်ရွက်သွားကြရန်နှင့် ပြည်သူများ စိတ်အေးချမ်းမြေ့စွာ အပန်းဖြေ အနားယူနိုင်ရေးအတွက်လည်း အားထုတ်ကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

လှိုင်သာယာမြို့နယ် အမှတ်(၅) အခြေခံပညာအလယ်တန်း ကျောင်း၌ မြဝတီ ကိုယ့်အားကိုယ်ကိုး ကျောင်းစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနား ကို ဒီဇင်ဘာ ၂၀ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးသန်းဌွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အရှင်အာစာရာလင်္ကာရ တရားပွဲများကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၆

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ တိုက်သစ်ကျောင်းတိုက်ကြီးမှသာမဏေကျော် ဓမ္မာစရိယ ပဉ္စနိကာယဝိဒူ ဂန္ထဝါစက ပဏ္ဍိတ (ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ) သာသနာပြု ဓမ္မကထိက ဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်သူမြတ်သည် ဒီဇင်ဘာ ၂၉ ရက်တွင် မန္တလေး ၂၇/၂၈ လမ်းကြေးသွန်းမျိုးတန်း ဥပုသ်တော်ဆွမ်းသိမ်းဓမ္မသဘင်၊ ဒီဇင်ဘာ ၃၀ ရက်တွင် စစ်ကိုင်းမြို့နယ် အုန်းတော၊ အုန်နွဲပင်ရွာအလှူဓမ္မသဘင်၊ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ရန်ကုန် သာကေတ မာန်ပြေ (၃)ရပ်ကွက်မာရဝိဇယဓမ္မသဘင်၊ဇန်နဝါရီ ၃ ရက်တွင် မင်္ဂလာဒုံမြို့နယ် ၃/ခ ရပ်ကွက် ပဲခူး မင်္ဂလာသိပ္ပံကျောင်း ဓမ္မသဘင်၊ ဇန်နဝါရီ ၄ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက် စံပယ်(၂)လမ်း ဓမ္မသဘင်၊ ဇန်နဝါရီ ၅ရက်တွင် ပုသိမ် မဟာ ရန်သီ ဆရာတော်ပူဇော်ပွဲဓမ္မသဘင်၊ ဇန်နဝါရီ၆ရက်တွင် ပုသိမ်နာရေး ကူညီမှုအသင်း ဓမ္မသဘင်တို့၌ တရား တော်များဟောကြားတော်မူမည်ဖြစ်ပြီး ဆရာတော်နှင့်ဆက်သွယ်လိုပါက စစ်ကိုင်း ရွှေဟင်္သာဖုန်း- ၀၇၂-၂၂၁၇၀၊၂၁၁၆၉၊ ရန်ကုန် ဖုန်း- ၀၁-၆၅၁၁၉၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**



ပညာရွှေတောင်စာအုပ်တိုက် အမှတ်(၉၀/၉၂) ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၂၈၃၃ က ထုတ်ဝေဖြန့်ချိသည့် ဆရာဦးမောင်မောင်သန်း၏ သူရဲ့လက်ဆောင် (ဒုတိယတွဲ)စာအုပ် မျက်နှာဖုံး။ (အပေါ်ပုံ) (က-ပ)

ဒီဇင်ဘာ ၂၁ ရက်က ရန်ကင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နေ့ကလေးထိန်းကျောင်း၏ (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒုတိယအကြိမ် အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို အသင်းရုံးရှေ့ စက်မှု(၁) လမ်းနှင့် ရန်ရှင်းလမ်းထောင့်တွင် ကျင်းပရာ ကျောင်းသား ကျောင်းသူများ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ဘယ်ရင်ခွင်မှာမေးစက်မှာလဲ တရားစာအုပ်ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၆

ဘုရားရှင်ရဲ့အရိပ်၊ သစ်ပင်ရဲ့အရိပ်၊ ဆွေမျိုးမိဘအရိပ်၊ ဆရာသမားအရိပ်၊ မင်းစိုးရာဇာအရိပ် ဆိုတဲ့ အရိပ်ငါးပါးကို ရင်ခွင်ငါးခုဖြင့် နှိုင်းယှဉ်ပြ၍ ရင်ခွင် အသီးသီးမှာ မေးစက်ပြီး ကောင်းကျိုး ချမ်းသာရသွားပုံကို ဝတ္ထုဇာတ်ကြောင်းတို့ဖြင့် ဖော်ပြရေးသားထားသော ရွှေတောင်ဦးတောင်တောရဆရာတော်၏ "ဘယ်ရင်ခွင်မှာမေးစက်မှာလဲ"တရားစာအုပ်ကို မတင်မာဦး မျိုးဆက်သစ် စာပေ အမှတ်၂၁၂/၂(ခ)ပထမထပ် ၃၆လမ်း (အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၉၈၄၁က တစ်ပြည်လုံးသို့ ဖြန့်ချိရာ အမြို့မြို့ အနယ်နယ်ရှိ စာအုပ်ဆိုင် တိုင်းတွင် ဝယ်ယူပူဇော်နိုင်ကြောင်း သိရသည်။**(က-ပ)**

ကွန်ပျူတာသင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၆

ကွန်ပျူတာ IT နည်းပညာများ ပြန့်ပွားစေရန်အတွက် GP နိုင်ငံခြားဘာသာ စကားပြောနှင့် ကွန်ပျူတာ သင်တန်းမှ ကြီးမှူး၍ လက်တွေ့အသုံးချ ကွန်ပျူတာ သင်တန်းများဖြစ်သော Windows XP (ကွန်ပျူတာ အခြေခံနှင့် ရုံးလုပ်ငန်းသုံး)၊ DTP (စာစီစာရိုက်) Graphic Design (Logo နှင့် ဒီဇိုင်း) Auto CAD (အင်ဂျင်နီယာအဆောက်အအုံဒီဇိုင်း) ACCPAC Plus (ကွန်ပျူတာစာရင်းကိုင်) Programming (ပရိုဂရမ် ဖန်တီးရေးဆွဲရန်) Multimedia (Animations & Action script), Web Page Design (Professional Web Developer), Client Server Database Application Development, Hardware & System Maintenance စသည့် ကွန်ပျူတာ လေ့လာမှုသင်တန်းများကို လစဉ် လဆန်းတိုင်းတွင် တန်းခွဲသစ်များ ဖွင့်လှစ်သင်ကြားပို့ချမည် ဖြစ်သည်။

စိတ်ဝင်စားသူများ Center-1 အမှတ် ၅ ဇေယျာသီရိလမ်း (အာရှနေဘဏ် ဘေးလမ်း)၊ လှည်းတန်း၊ ကမာရွတ် ရန်ကုန် ဖုန်း-၅၃၇၂၃၁ နှင့် Center-2 အမှတ် ၁၁၇(တတိယထပ်)ဆိပ်ကမ်းသာလမ်း (ဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား) ကျောက်တံတား ရန်ကုန် ဖုန်း-၂၅၆၇၉၆ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဒီဇင်ဘာ ၂၆ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးဖက်ဒရေးရှင်း All China Women's Federation(ACWF) မှ ဒုတိယဥက္ကဋ္ဌ Mme. Chen Xiurongအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဓမ္မယာသီရိပီမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။(သတင်း-ရွှေဖုံး) (သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌအား တရုတ်အမျိုးသမီးရေးရာအဖွဲ့မှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၆

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေအား ရန်ကုန်မြို့တွင်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ All China Women's Feder ation(ACWF) မှ ဒုတိယဥက္ကဋ္ဌ Mme. Chen Xiurong နှင့် အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံခန်းမ၌ လာရောက်တွေ့ဆုံသည်။ (အောက်ပုံ)

ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာကအသင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဧည့်သည်တော်များ၏ မေးမြန်းချက်များကို အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ကြည်စိုးတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်တို့က ဧည့်သည်တော်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အင်္ဂလိပ်စာမိသားစု အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်တက္ကသိုလ်နှင့် ပညာရေးတက္ကသိုလ်တို့မှ အင်္ဂလိပ်စာ ကျောင်းနေဘက်များက ရန်ကုန်မြို့ရှိတက္ကသိုလ်နှင့် ကောလိပ်အင်္ဂလိပ်စာဌာနများမှ အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား တတိယအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း-၇၀၆၂၈၃၊ ၀၉-၀၈-၃၄၇၈၈နှင့် ၂၉၅၇၂၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်အမျိုးသမီးရေးရာအဖွဲ့မှဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲလေ့လာ

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်မြို့တွင်ရောက်ရှိနေသော All China Women's Federation မှ ဒုတိယဥက္ကဋ္ဌ Mme. Chen Xiurong နှင့် အဖွဲ့သည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အေးဝင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာ၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲက ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ကြည့်ရှုလေ့လာရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့သို့ သွားရောက်ကြသည်။

ကြိုဆို

အဆိုပါ ဧည့်သည်တော်အဖွဲ့သည် နံနက် ၁၀ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်မြိုင်သာယာစံပြကျေးရွာသို့ ရောက်ရှိကြရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယကဒေါ်ခင်သက်ဌေးနှင့် ကော်မတီဝင်များက ကြိုဆိုကြသည်။

ကြည့်ရှုလေ့လာ

ဧည့်သည်တော်အဖွဲ့သည် ရန်ကုန်တောင်ပိုင်းခရိုင် မြိုင်သာယာ စံပြကျေးရွာရှိ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီကဖွင့်လှစ်ထားသည့်စက်ချုပ်သင်တန်း၊ ငွေထည်သင်တန်း၊ ဇာထိုးပန်းထိုးသင်တန်းနှင့် ပန်းအလှ ပြုပြင်မှုနှင့် သစ်သီးအလှ ပုံဖော်သင်တန်းတို့တွင် အမျိုးသမီးငယ်ရွယ်သူများ၏ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုလေ့လာကြပြီး ဧည့်သည်တော် ဒုတိယဥက္ကဋ္ဌနှင့်ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယကတို့ကအမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် ဧည့်သည်တော် အဖွဲ့သည် မူကြိုကျောင်း လူငယ်ရိပ်မြုံနှင့် အလင်းတန်းသုတရိပ်မြုံတို့ကို ကြည့်ရှုလေ့လာကြပြီး ကျောက်တန်းမြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဧည့်သည်တော်အဖွဲ့အား ဆီဒိုးနားဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာကြည်စိုးနှင့် ဒေါက်တာဒေါ်တင်လင်းမြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာနှင့်ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ Counsellor Mr. Yu Boren နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်

ယင်းနောက် ဧည့်သည်တော် ဒုတိယဥက္ကဋ္ဌသည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုး၍ အသင်း၏ လှုပ်ရှားမှုဓာတ်ပုံများကို ကြည့်ရှုလေ့လာပြီး တက်ရောက်လာသူများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက်ဧည့်သည်တော် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့သည် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန၊အမျိုးသမီးဆိုင်ရာ ရောဂါရှာဖွေရေးဌာနနှင့် အိမ်တွင်းသက်မွေးပညာသင်ကျောင်းများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

ထို့နောက် ဧည့်သည်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကမ္ဘာအေးစေတီလမ်းရှိ သတ္တုတွင်းဝန်ကြီးဌာနက ဖွင့်လှစ်ထားသည့် ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိကြရာ တာဝန်ရှိသူတို့က ကြိုဆိုကြပြီး ဧည့်သည်တော် အဖွဲ့သည် ကျောက်မျက်ရတနာပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ All China Women's Federation (ACWF) မှ ဒုတိယဥက္ကဋ္ဌ Mme. Chen Xiurong နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရှိ ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာနသို့ သွားရောက်၍ လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လလယ် ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလအတွက် နောက်ဆုံးပတ်

(တနင်္ဂနွေနေ့) ၂၈-၁၂-၂၀၀၃ ရက်နေ့

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလအတွက်

၁၁-၁-၂၀၀၄ ရက်နေ့နှင့် ၂၅-၁-၂၀၀၄ ရက်နေ့

ဒီဇင်ဘာ ၂၅ ရက်က ဘဂ္ဂဒက်မြို့မြောက်ဘက်၌ အသေခံဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ရသဖြင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်ရှိ ရှယ်ရီတန်ဟိုတယ်ကို စိန်ပြောင်းဖြင့်ပစ်ခတ် ဟိုတယ်ထိပ်ပိုင်းထိမှန်သော်လည်း လူထိခိုက်မှုမရှိ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၅

အနောက်အုပ်စုနိုင်ငံသားအများအပြား တည်းခိုနေထိုင်ရာ ဘဂ္ဂဒက်ရှိ ရှယ်ရီတန်ဟိုတယ်အား ဗုဒ္ဓဟူးနေ့တွင် ပြောက်ကျားများက စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

စိန်ပြောင်းကျည်သည် ဟိုတယ်၏ထိပ်ပိုင်းကို ထိမှန်ကြောင်း အဆိုပါတပ်ဖွဲ့ဝင်က ရိုက်တာသို့ ပြောကြားခဲ့ပြီး ရိုက်တာသတင်းထောက်က ကားတစ်စီးအတွင်းမှ ဟိုတယ်သို့ တိုက်ခိုက်ရေးသမားများက ပစ်ခတ်သည်ကို မိမိတွေ့ခဲ့ကြောင်း ပြောကြားသည်။

လုံခြုံရေးအစောင့်များနှင့် အမေရိကန်တပ်များက ပစ်ခတ်သဖြင့် ကားနှစ်စီးသည် မောင်းထွက်ပြေးသွားကြောင်း ၎င်းက ပြောဆိုသည်။ ဒုံးကျည်သည် ဟိုတယ်ထိပ်ပိုင်းကိုထိမှန်သဖြင့် အမိုးအနည်းငယ်ပျက်စီးသွားသော်လည်း ထိခိုက်မှုမရှိဟု ဆိုသည်။

လွန်ခဲ့သည့် နိုဝင်ဘာ ၂၁ ရက်၌ ဘဂ္ဂဒက်မြို့လယ်ရှိ ရှယ်ရာတန်နှင့် ပါလက်စတိုင်းဟိုတယ်တို့ကို ပြောက်ကျားတို့က မြည်းလှည်းပေါ်မှနေ၍ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် လူနှစ်ဦးဒဏ်ရာရရှိခဲ့သည်။ ထိုနေ့မှာပင် ပြောက်ကျားများသည် ရေနံဝန်ကြီးဌာနကိုလည်း ထိုနည်းအတိုင်း ပစ်ခတ်တိုက်ခိုက်ခဲ့သေးသည်။

ခရစ္စမတ်အကြိုနေ့၌ အီရတ်မြောက်ပိုင်းတွင် အသေခံပြီး ကားဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် လူလေးဦးသေဆုံးချိန်တွင် ဘဂ္ဂဒက်မြို့မြောက်ဘက်၌လည်း ဗုဒ္ဓဟူးနေ့ အစောပိုင်း၌ ဗုံးပေါက်ကွဲခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အမေရိကန်တို့ ပြောက်ကျားများကို မဟန့်တားနိုင် ပြောက်ကျားများသည် အသေခံဗုံးဖောက်ခွဲဝံ့သူများဖြစ်

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၅

ဆက်ဒမ်ဟူစိန် ပြုတ်ကျသွားခဲ့ချိန်မှစပြီး အမေရိကန်တို့သည် ပြောက်ကျားများကိုပစ်မှတ်ထားပြီး ကြောက်ခမန်းလိလိ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ သူတို့သည် ကင်းလှည့်လာသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဒုံးပစ်လောင်ချာဖြင့်မပစ်ခတ်မီ အမှိုက်ပုံအတွင်း ပုန်းအောင်းပြီး စိတ်ရှည်ရှည်ဖြင့်စောင့်ခဲ့ကြသော အာခံဝံ့သူများဖြစ်ကြသည်။

ပြောက်ကျားများသည် အမေရိကန်တပ်များကို ကြွက်နှင့်ကြောင် ကစားသကဲ့သို့ ကစားမည်ဖြစ်ကြောင်း ပြောက်ကျားများ၏ လှုပ်ရှားဆောင်ရွက်မှုကို ကြည့်ရှုခဲ့သော အီရတ်တစ်ဦးက ပြောကြားသည်။

မဟန့်တားနိုင်

ပေါက်ကွဲသံများနှင့် စက်သေနတ်ကြီး ပစ်ခတ်သံများသည် ဘဂ္ဂဒက်မြို့တွင် ညလုံးပေါက် ညံစီခဲ့ကြပေသည်။ ဒေသခံများက အမေရိကန်စစ်တပ်၏ ပစ်ခတ်နိုင်မှုစွမ်းအားသည် တိုက်ခိုက်ရေးသမားများအား ဟန့်တားနိုင်မည်ဟု မမျှော်လင့်ကြပေ။

မကြောက်ရွံ့

ပြောက်ကျားများသည် အမေရိကန်တပ်များကို ချောင်းမြောင်းတိုက်ခိုက်မှုအား ရပ်ကြမည်မဟုတ်၊ သူတို့သည် ကြောက်ရွံ့ခြင်းကင်းကြသူများဖြစ်သည်။ သူတို့သည် အသေခံ ဗုံးခွဲတိုက်ခိုက်သူများဖြစ်ရာ အမေရိကန်တို့ကို ဘာကြောင့်ပုန်ကန်နေမည်နည်းဟု ယခင်က အီရတ်တပ်ဖွဲ့ဝင်ဟောင်း အာမက်အယ်လ်မူဂရာဘီက ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ



ဒီဇင်ဘာ ၂၅ ရက်က ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခံရမှုကြောင့် ဘဂ္ဂဒက်မြို့ရှိ ဂျာမနီသံရုံးအနီး အဆောက်အအုံတစ်ခု ဒုံးပစ်လောင်ချာထိမှန်ခံရသဖြင့် ပျက်စီးသွားသည့်နေရာကို အီရတ်တစ်ဦး ကြည့်ရှုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၄၆၄ ဦးရှိပြီ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၅

အီရတ်စစ်ပွဲစတင်ဖြစ်ပွားချိန်မှ ယနေ့အထိ ကာလအတွင်း အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၄၆၄ ဦး အသက်ဆုံးရှုံးခဲ့ရပြီဖြစ်သည်။ ၃၁၇ ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၁၄၇ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာန ထုတ်ပြန်ချက်များအရ သိရသည်။

ထိုကာလအတွင်း ဗြိတိသျှတပ်ဖွဲ့ဝင် ၅၂ဦး၊ အီတလီတပ်ဖွဲ့ဝင် ၁၇ ဦး၊ စပိန်တပ်ဖွဲ့ဝင် ရှစ်ဦးနှင့် ဒိန်းမတ်၊ ယူကရိန်းနှင့် ပိုလန်နိုင်ငံများမှ တပ်ဖွဲ့ဝင်တစ်ဦးစီ အသီးသီး အသက်ဆုံးရှုံးခဲ့ကြရပြီဖြစ်ကြောင်း အစီရင်ခံစာများက ဖော်ပြသည်။

ဖြစ်ပွားခဲ့

မေလ ၁ ရက်နေ့တွင် အမေရိကန်သမ္မတဘုရှ်က အီရတ်၌ စစ်ပွဲကြီးများပြီးသွားပြီဟု ကြေညာခဲ့သော်လည်း တိုက်ပွဲများကား ဆက်လက်ဖြစ်ပွားခဲ့သည်။

သေဆုံး

ထိုဆက်လက်ဖြစ်ပွားသော တိုက်ပွဲများအတွင်း အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၃၂၆ ဦးသေဆုံးခဲ့ရသည်ဟု ကာကွယ်ရေးဌာန စာရင်းများက ဆိုသည်။ ၂၀၂ ဦးမှာ တိုက်ပွဲများအတွင်း သေဆုံးရခြင်းဖြစ်ပြီး ၁၂၄ ဦးမှာ အခြား အကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်။

ဒဏ်ရာရ

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားသည့်အချိန်မှ ယနေ့အထိ ကာလအတွင်းဖြစ်ပွားသော တိုက်ပွဲများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်စုစုပေါင်း ၂၃၂၆ ဦးဒဏ်ရာရခဲ့ပြီး တိုက်ပွဲနှင့် မသက်ဆိုင်သော အခြားအကြောင်းများကြောင့် ဒဏ်ရာရသူ တပ်ဖွဲ့ဝင်ဦးရေမှာ ၃၇၀ ရှိသည်ဟု ဆိုသည်။

(အင်တာနက်)

၂၀၀၃ ခုနှစ်အတွင်းဖြစ်ပွားခဲ့သော အီရတ်စစ်ပွဲ အင်န်အိပ်ချ်ကေသတင်းဌာနက သုံးသပ်ဖော်ပြ

တိုကျို ဒီဇင်ဘာ ၂၅

၂၀၀၃ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော အီရတ်စစ်ပွဲဆိုင်ရာ အနေအထားများကို သုံးသပ်ကြည့်လျှင် အမေရိကန်တို့သည် အီရတ်နိုင်ငံအပေါ် မတ်လ ၂၀ ရက်၌ စစ်ပွဲစတင်ခဲ့ပြီး ခရုဇ်ဒုံးကျည်များ၊ ဂြိုဟ်တုလမ်းညွှန်စနစ်သုံးဗုံးများ အသုံးပြုပြီး လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုများ အကြီးအကျယ်ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ အီရတ်ခေါင်းဆောင်ပိုင်းကို ရည်ရွယ်တိုက်ခိုက်ခဲ့သော အမေရိကန်တို့၏ နေရာလမ်းညွှန်မှုပါသည့် ဗုံးအလုံးပေါင်း ၅၀ လောက်သည် လူနေဒေသများကိုကျရောက်ခဲ့ပြီး အပြစ်မဲ့ပြည်သူများ သေကျေခဲ့ရသည်ဟု သက်ဆိုင်ရာအဖွဲ့တစ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါ အီရတ်စစ်ပွဲကို ပြင်သစ်၊ ဂျာမနီ၊ ရုရှား၊ တရုတ်နှင့် အခြားသောနိုင်ငံများက ဆန့်ကျင်ကန့်ကွက်ခဲ့ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အတည်ပြုချက်မပါဘဲ ဆင်နွှဲခဲ့သော စစ်ပွဲဖြစ်သည်။ ထို့အပြင် စစ်ပွဲအပေါ် ကန့်ကွက်ဆန့်ကျင်ဆန္ဒပြသူများသည် အမေရိကန်ပြည်ထောင်စုတွင်သာမက ကမ္ဘာတစ်လွှားမှာပါ ဖြစ်ပွားခဲ့သည်။

အီရတ်စစ်ပွဲပြီးဆုံးပြီဟု အမေရိကန်တို့က ကြေညာခဲ့ပြီးနောက်ပိုင်း ခုခံတိုက်ခိုက်မှုများ၏ လက်ချက်ကြောင့် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၂၀၀ ကျော်သွားပြီဖြစ်သည်။ ထို့အပြင် အီရတ်ပြန်လည်တည်ဆောက်ရေးတွင် ပါဝင်ကူညီနေသောသူများကိုပါ အကြမ်းဖက်တိုက်ခိုက်လာသည်။

ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂဌာနချုပ်အဆောက်အအုံ ဗုံးခွဲတိုက်ခိုက်ခံရမှုတွင် အီရတ်ဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ် ဆာဂျီယိုဒီမဲလိုးသည်လည်း သေဆုံးသူ ၂၀ကျော်နှင့်အတူ ပါဝင်သွားခဲ့ရသည်။ အီရတ်နိုင်ငံမှ အမေရိကန်တို့ထွက်ခွာသွားသည်အထိ ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု ခုခံရေးသမားများက ခြိမ်းခြောက်လျက်ရှိကြောင်းလည်း သိရသည်။

(အင်န်အိပ်ချ်ကေ)

မြန်မာ့အလင်း

အီရတ် မြင်ကွင်းများ

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားချိန်မှ ယနေ့အထိ ကာလအတွင်း အီရတ်နိုင်ငံတွင် **အမေရိကန်တပ်ဖွဲ့ဝင်** စုစုပေါင်း ၄၆၄ဦး အသက်ဆုံးရှုံးခဲ့ရပြီဖြစ်သည်။ ၃၁၇ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၁၄၇ဦးမှာ အခြား အကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနထုတ်ပြန်ချက်များအရ သိရသည်။

(ယာပုံမှာ အီရတ်မြောက်ပိုင်းမှ ခုခံတိုက်ခိုက်ရေးသမားများက အမေရိကန်နှင့် အပေါင်းပါတပ်များအား ပြန်လည် ခုခံတိုက်ခိုက်ရန် ပြင်ဆင်လျက်ရှိသည်ကို တွေ့ရစဉ်။)

(ဓာတ်ပုံ- အင်တာနက်)

အီရတ်နိုင်ငံတည်ငြိမ်ရေး အမေရိကန်တို့ ကြိုးပမ်းချက် မအောင်မြင်
ပြောက်ကျားတို့၏ ခုခံတိုက်ခိုက်မှုများသာ စဉ်ဆက်မပြတ်ဖြစ်ပွားနေ

ဒီဇင်ဘာ ၂၅ ရက်က ရှယ်ရီတန် ဟိုတယ်ကို အုတ်တံတိုင်းများဖြင့် ကာရံထားပြီး လုံခြုံရေး စောင့်ကြပ်လျက်ရှိသည်ကို တွေ့ရစဉ်။

(ယင်းဟိုတယ်ကို ပြောက်ကျားများက ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့သည်။ အဆိုပါဟိုတယ်သည် နိုဝင်ဘာလက ဒုံးကျည် ဖြင့် ပစ်ခတ် ခံခဲ့ရသည့် ဟိုတယ်ဖြစ်သည်။)

(ဓာတ်ပုံ- အင်တာနက်)

ထောင်ချောက်ဗုံးထိမှန်

အပေါ်ပုံမှာ ဒီဇင်ဘာ ၂၄ရက်က ဘဂ္ဂဒက်မြို့လယ်၌ လမ်းဘေးထောင်ချောက်ဗုံးထိမှန်၍ ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို အီရတ်ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးနေစဉ်။

(ဓာတ်ပုံ- အင်တာနက်)

အပေါ်ပုံမှာ ဒီဇင်ဘာ ၂၅ရက်က ဘဂ္ဂဒက်မြို့ ရှယ်ရီတန်ဟိုတယ်အား ပြောက်ကျားများက ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဒုံးကျည်ပေါက်ကွဲသည့် အပိုင်းအစတစ်ခုကို အီရတ်တစ်ဦးက ကောက်ယူပြသနေစဉ်။

(ဓာတ်ပုံ- အင်တာနက်)

ဒီဇင်ဘာ ၂၅ ရက်က ဘဂ္ဂဒက်မြို့တော်ကောင်စီရုံးအပြင်ဘက်၌ လုံခြုံရေးစောင့်ကြပ် နေ သော အမေရိကန် စစ်ယာဉ်တစ်စီးရှေ့၌ အီရတ်အမျိုးသမီးတစ်ဦးက မကျေနပ်မှုများကို ပြောဆိုနေစဉ်။

(ယင်းမြို့တော်ကောင်စီရုံး အဆောက်အအုံကို ဒီဇင်ဘာ ၂၅ရက်က ဒုံးကျည်ဖြင့် ပစ်ခတ်ခံခဲ့ရသည်။)

(ဓာတ်ပုံ- အင်တာနက်)

ဘဂ္ဂဒက်မြောက်ဘက်ဆာမာရာအနီး လမ်းဘေးဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ထပ်မံသေဆုံး

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၅

ခရစ္စမတ်အကြိုနေ့က အီရတ်မြောက်ပိုင်းရှိ ကာ့ဒ်မြို့တော် အာဘီလ်တွင် အသေခံဗုံးခွဲမှုကြောင့် လူလေးဦးသေဆုံးခဲ့ပြီး ဘဂ္ဂဒက်မြောက်ဘက် ဆာမာရာတွင်လည်း လမ်းဘေး၌ထောင်ထားသောဗုံးပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ရသည်။

လူများသေဆုံးသော ဗုဒ္ဓဟူးနေ့ ဗုံးဖောက်ခွဲမှုများသည် အမေရိကန်တပ်များက လေကြောင်းမှလည်းကောင်း၊ အမြောက်များဖြင့်လည်းကောင်း ဘဂ္ဂဒက်ရှိ ပြောက်ကျားတို့ ပုန်းအောင်းနေသည်ဟု မသင်္ကာရသောနေရာများကို ပစ်ခတ်ခဲ့ပြီးနောက် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

သေဆုံး

ဆာမာရာအနီး၌ လမ်းဘေးထောင်ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ရာ စစ်ပွဲပြီးကြောင်း မေ ၁ရက်၌ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးသော တပ်ဖွဲ့ဝင် ၂၀၅ဦး ရှိသွားပြီဖြစ်သည်။

ပျက်စီး

အာဘီလ်မြို့ရှိ ပြည်ထဲရေးရုံးဝင်ပေါက်၌ အသေခံဗုံးဖောက်ခွဲခဲ့မှုတွင် ဗုံးဖောက်ခွဲသူအပြင် အစောင့်ရဲနှစ်ဦး၊ ဖြတ်သွားသူတစ်ဦးနှင့် ၁၃နှစ်အရွယ် မိန်းကလေးတစ်ဦးတို့ သေဆုံးခဲ့ပြီး လူ၁၀၀ကျော်ဒဏ်ရာရသည်ဟု ကာ့ဒ်အရာရှိတစ်ဦးက ပြောဆိုသည်။ ရုံးအဆောက်အအုံနှင့် ကားအများအပြားပျက်စီးပြီး ပေါက်ကွဲသည့် လမ်းပေါ်၌ တွင်းပေါက်ကြီး ဖြစ်သွားခဲ့သည်။ **(အင်တာနက်)**

လုံခြုံရေးစောင့်ကြပ်

ဒီဇင်ဘာ ၂၅ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့အပြင်ဘက်ရှိ စစ်ဆေးရေးစခန်းတစ်ခု၌ စစ်ယာဉ်တစ်စီးနှင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်အလယ်ပိုင်းနှင့်မြောက်ပိုင်း တိုက်ခိုက်မှုများပြန်ဖြစ်ပွားလာ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်၌ ယမန်နေ့နံနက်ပိုင်းက ပြင်းထန်သော ပေါက်ကွဲသံများ ထပ်မံကြားရပြီး တိုက်ခိုက်မှုသစ်များဖြစ်ပွားသည်။

ထိမှန်

အဆိုပါတိုက် ခိုက်မှုတွင် သေနတ် သံများ ဆက်တိုက်ကြားရသကဲ့သို့ ပေါက်ကွဲသံများလည်း၁၀မိနစ်ခန့် ကြာမြင့်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် ဘဂ္ဂဒက်မြို့ရှိ အမေရိကန် ဌာနချုပ်အဆောက်အအုံအား ထိမှန်ခဲ့ပြီး နိုင်ငံရပ်ခြားကန်ထရိုက်များနှင့် အလှူရှင်များ တည်းခိုနေရာ ရှယ်ရီတန်ဟိုတယ်လည်း ထိမှန်သွားခဲ့သည်။

သေဆုံး

ထိခိုက်သေဆုံးမှုသတင်းမရရှိသေးသော်လည်း ယခုတိုက်ခိုက်မှုသည် လူရှစ်ဦး သေဆုံးခဲ့ရသော ဗုဒ္ဓဟူးနေ့ ပေါက်ကွဲမှုအပြီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပြန်လည်ဖြစ်ပွား

ဒီဇင်ဘာ ၁၃ရက်၌ အမေရိကန်တို့က ဆက်ဒမ်ဟူစိန်ကို ဖမ်းဆီးမိပြီးနောက် ပိုင်းအီရတ်နိုင်ငံအလယ်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် ခုခံတိုက်ခိုက်မှုအသစ်များ ပြန်လည်ဖြစ်ပွားလာသည်။

အဆိုပါ တိုက်ခိုက်မှုများကြောင့် ဆက်ဒမ်ဟူစိန်ကို ဖမ်းဆီးမိပြီးနောက်ပိုင်း ယမန်နေ့ကအထိ သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးရှိသွားပြီဖြစ်ကြောင်း သိရသည်။

(စီစီတီဗွီ)

အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်မည့်ကိစ္စ ဂျပန်နှင့်တောင်ကိုရီးယား ပြည်သူများ ကန့်ကွက်ဆန္ဒပြကြ

ဆိုးလ် ဒီဇင်ဘာ ၂၅

တောင်ကိုရီးယား တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံသို့စေလွှတ်ပေးရန် တောင်ကိုရီးယားအစိုးရ၏ အစီအစဉ်ကို တောင်ကိုရီးယားလွှတ်တော် အဆောက်အအုံအပြင်၌ တောင်ကိုရီးယားပြည်သူအမြောက်အမြားက ကန့်ကွက်ဆန္ဒပြခဲ့ကြကြောင်းသိရသည်။

တောင်ကိုရီးယားတပ်ဖွဲ့ဝင်များကို အီရတ်သို့စေလွှတ် ရေးကိစ္စအား တောင်ကိုရီးယားအစိုးရအဖွဲ့က ယမန်နေ့တွင် သဘောတူအတည်ပြုလိုက်ပြီးနောက် ယနေ့တောင်ကိုရီးယားလွှတ်တော်မှ ဆန္ဒမဲခွဲကာ အတည်ပြုဆုံးဖြတ်ရန် တင်ပြလိမ့်မည်ဟု မျှော်လင့်ရပြီး ဆန္ဒပြရန်ပြည်သူပြည်သားများသည် ၎င်းလွှတ်တော်အဆောက်အအုံအတွင်း အတင်းဝင်ရောက်ရန် ကြိုးပမ်းခဲ့ကြကြောင်း၊ အချို့ဆန္ဒပြသူများမှာဖမ်းဆီးထိန်းသိမ်းခြင်းခံကြရကြောင်းသိရ သည်။

စီစဉ်

တောင်ကိုရီးယားတပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ် သို့စေလွှတ်ပေးရန် တောင်ကိုရီးယားအစိုးရက စီစဉ်လျက်ရှိကြောင်းသိရသည်။

ဆန္ဒပြ

အလားတူပင် ဂျပန်နိုင်ငံ၌လည်း အီရတ်နိုင်ငံသို့ ဂျပန်တပ်ဖွဲ့ဝင်များကို စေလွှတ်ပေးရန် ဂျပန်အစိုးရ၏အစီအစဉ်ကို ကန့်ကွက်ဆန့်ကျင်သည့် ဆန္ဒပြပွဲ များကျင်းပလျက်ရှိကြောင်း၊ ဆန္ဒပြသူဂျပန်ပြည်သူများသည် နိုင်ငံအလယ်ပိုင်းရှိ 'ကိုမာကီ' လေတပ်အခြေစိုက်စခန်းအပြင်ဘက်၌ စုရုံးဆန္ဒပြလျက်ရှိကြောင်း သိရသည်။

တိုက်ရိုက်မသွား

ဂျပန်တပ်ဖွဲ့ဝင် ပထမအသုတ်သည် အီရတ်သို့ တိုက်ရိုက်မသွားသေးဘဲ ကူဝိတ်နှင့် ကာတာနိုင်ငံသို့ ဒီဇင်ဘာ ၂၆ရက်၌ အစောဆုံးသွားရောက်မည်ဖြစ်ကြောင်း သိရသည်။

(စီအင်န်အင်န်)

ဒီဇင်ဘာ ၂၅ ရက်က ဘဂ္ဂဒက်မြို့ အပြင်ဘက်တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်ပြည်သဘာဝဓာတ်ငွေ့လုပ်ငန်းခွင်၌ပေါက်ကွဲမှုဖြစ် လူ၁၉၁ဦးသေဆုံးပြီး အများအပြားအဆိပ်သင့်ခံရ

ဘေဂျင်း ဒီဇင်ဘာ ၂၆

တရုတ်ပြည်အနောက်တောင်ပိုင်း ချုံချင့်ပြည်နယ် သဘာဝဓာတ်ငွေ့ လုပ်ငန်းခွင်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ အနည်းဆုံးလူ ၁၉၁ ဦးသေဆုံးပြီး အများအပြား အဆိပ်သင့်ခံကြရကြောင်း ဆင်ဟွာ သတင်းဌာနမှ ကြာသပတေးနေ့က ဖော်ပြသည်။

ရွှေ့ပြောင်း

တာဝန်ရှိသူများက ဒေသနေပြည်သူများ ပေါက်ကွဲမှုဖြစ်ပွားရာဒေသမှ သုံးမိုင်အကွာသို့ ရွှေ့ပြောင်းပေးကြရန် ပြောကြားသည်။

အဆိပ်သင့်ခံရ

ယင်းသဘာဝဓာတ်ငွေ့မြေမှာ တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်း (CNPC) ပိုင်ဖြစ်ပြီး ပေါက်ကွဲမှုကြောင့် အချို့မှာအဆိပ်သင့်ခံရကာ အချို့မှာ ဓာတုပစ္စည်းလောင်ကျွမ်းမှုခံကြရသည်။

အဓိကဒေသ

ချုံချင့်နှင့် စီချွမ်ပြည်နယ်တို့သည် တရုတ်ပြည်၏ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရာ အဓိကဒေသများ ဖြစ်ကြသည်။ **အမ်အင်အေ၊ ရိုက်တာ။**

27-12 (6).p65 1 3/25/05, 8:49 PM

တွေ့ဆုံအမှာစကားပြော

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (စက်မှု–၁)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

✻ လက်မှုလုပ်ငန်းမှ

အခမ်းအနားသို့ စက်မှုဇုန်အသီးသီးမှ စက်မှုဇုန်တာဝန်ခံဝန်ကြီးများ၊ စက်မှုဇုန်ဥက္ကဋ္ဌများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ပေါင်းစပ်ဆောင်ရွက်

ရှေးဦးစွာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများ အရှိန်အဟုန်ရှိရှိဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် စက်မှုဇုန်များမှ တာဝန်ရှိသူများနှင့်စက်မှုလုပ်ငန်းရှင်များအား နိုင်ငံပိုင်စက်ရုံကြီးများ၏ ခေတ်မီကုန်ထုတ်လုပ်မှုနည်းစဉ်များ၊ သုတေသနပြုစမ်းသပ်ထုတ်လုပ်မှုများကို တစုတစည်းတည်း လေ့လာခွင့်ရအောင် စီစဉ်ထားကြောင်း၊ ယင်းသို့လေ့လာခြင်းဖြင့် နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ၏ စွမ်းဆောင်နိုင်မှုနှင့် စက်မှုဇုန်များ၏ ထုတ်လုပ်နိုင်စွမ်းတို့ပေါင်းစပ်ပြီး ပြည်ပသွင်းကုန် အစားထိုးနိုင်ရေးအတွက် ကုန်ပစ္စည်းအမယ်သစ်(အမည်သစ်)များ တန်ဖိုးမြင့်ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်ရန်၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စက်မှုလုပ်ငန်းများ တစ်ခုနှင့်တစ်ခု အဆက်အစပ်ရှိရှိ ချိတ်ဆက်ပေးရန်နှင့် အချင်းချင်းအပြန်အလှန် ထောက်ကူပေးနိုင်အောင် ပေါင်းစပ်သွားရန် ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကိုအခြေခံသော စက်မှုလုပ်ငန်းများမှနေ၍ ကျန်စက်မှုကဏ္ဍများပါ တစ်ဆင့်ပြီးတစ်ဆင့်တိုး တက်ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးအဓိကအားထားရသောနိုင်ငံဖြစ်သည့် အားလျော်စွာ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုးတွင် လယ်ယာကဏ္ဍက အချိုးအစားအနေဖြင့် ၄၈ရာခိုင်နှုန်း ကျော်ပါဝင်ပြီး စက်မှုကဏ္ဍနေဖြင့် ၁၀ရာခိုင်နှုန်းနီးပါးခန့် ပါဝင်ကြောင်း။

လယ်ယာကဏ္ဍတိုးတက်လာ

ထို့ကြောင့် လယ်ယာစီးပွားအခြေခံအဆောက်အအုံများကို တစ်နှစ်ပြီးတစ်နှစ် တိုးမြှင့်ဆောက်လုပ်ပေးခဲ့ရာ ယခုအခါ ဆည်တမံ ၁၅၅ခု၊ မြစ်ရေတင်လုပ်ငန်း ၂၆၅ခု တည်ဆောက်ပေးနိုင်ခဲ့ပြီး တစ်နှစ် စုစုပေါင်း သီးနှံစိုက်ဧရိယာသည် ဧကသန်း၄၀ ကျော်အထိ တိုးတက်စိုက်ပျိုးနိုင်ကာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာကြောင်း။

ယခုအခါ စပါးသီးနှံတိုးတက်ထွက်ရှိလာသည်နှင့်အမျှ စားနပ်ရိက္ခာပြည့်စုံဖူလုံရုံမျှမက ပိုလျှံနေပြီဖြစ်ကြောင်း၊ အနာဂတ်တွင် တိုးပွားလာ မည့် နောင်လာနောက်သားများအတွက်ပါ ထည့်သွင်းစဉ်းစားတွက်ချက်၍ လယ်ယာကဏ္ဍကို အခြေခိုင်မာအောင် ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ လယ်ယာကဏ္ဍပြောင်းလဲတိုးတက်လာမှုနှင့်အတူ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းရေးလုပ်ငန်းကိုလည်း တစ်နှစ်ပြီးတစ်နှစ်တိုးချဲ့ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် နိုင်ငံတော်ပိုင်းနှင့် ပုဂ္ဂလိကပိုင်းမှပါ လက်တွန်းထွန်စက်များ၊ ရိတ်စက်များ၊ ခြွေလှေ့စက်များနှင့် အခြားလယ်ယာသုံး စက်ကိရိယာများကို တိုးတက်ထုတ်လုပ်၍ တွင်ကျယ်စွာ အသုံးပြုနေကြပြီဖြစ်ကြောင်း။ ဆက်လက်၍ ရိတ်သိမ်းခြွေလှေ့စက်ကို ထိထိရောက်ရောက်အသုံးပြုနိုင်အောင် ထုတ်လုပ်ဖြန့်ဖြူးရေးကို ကြိုးပမ်းအကောင်အထည်ဖော်နေကြပြီဖြစ်ကြောင်း။

ယခုကဲ့သို့ စက်မှုနိုင်ငံထူထောင်ရေးအတွက် ပထမအဆင့်အနေဖြင့် လယ်ယာသုံးစက်မှုလုပ်ငန်းများတိုးချဲ့ ထုတ်လုပ်ရေးကို အရှိန်အဟုန်မြှင့်တိုးချဲ့ဆောင်ရွက်လာသကဲ့သို့ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် လမ်းပန်းဆက်သွယ်ရေး စသည့် အခြေခံအဆောက်အအုံများကိုလည်း တစ်ပြိုင်နက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

အသေးစားရေအားလျှပ်စစ်ထုတ်

လျှပ်စစ်ကဏ္ဍနှင့်စပ်လျဉ်း၍ စက်မှုဇုန်များက ဖြစ်ထွန်းအောင်မြင်နေသော အသေးစားရေအားလျှပ်စစ် ထုတ်လုပ်ရေးစက်များကို အမြောက်အမြားထုတ်လုပ်ပြီး လျှပ်စစ်မီးမရရှိနိုင်သေးသည့် ကျေးလက်ဒေသများတွင် တပ်ဆင်ပေးခြင်းအားဖြင့် ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းစဉ်ကို ဒေသလူထုနှင့် ပေါင်းစပ်၍ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ယနေ့ပုဂ္ဂလိကစက်မှုကဏ္ဍကို ကြည့်လျှင်ယခင်က စက်ရုံ၊ အလုပ်ရုံ ၃၉၆၀၀ကျော်သာရှိခဲ့ရာမှ စက်မှုဇုန် ၁၈ဇုန်၌ စက်ရုံ၊ အလုပ်ရုံပေါင်း ၆၈၀၀ ကျော်နေရာချထားပေးပြီးဖြစ်သည့်အပြင် တစ်နိုင်ငံလုံး၌ စက်ရုံ၊ အလုပ်ရုံ စုစုပေါင်းတစ်သိန်းကျော်ထိ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများ၏ လုပ်ငန်းအမျိုးအစားအလိုက် ဆန်းစစ်ချက်အရ အရေအတွက်သာမက အရည်အချင်းပါဖွံ့ဖြိုးတိုးတက်လာသည်ကိုလည်း တွေ့ရကြောင်း။

တွန်းအားပေးကူညီ

စက်မှုဇုန်များ စွမ်းဆောင်ရည် ပြည့်ဝရေးအတွက်လည်း အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ဇုန်တာဝန်ခံများအဖြစ် အနီးကပ်ကြီးကြပ်စေ၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းပေး၍ နိုင်ငံပိုင်ကဏ္ဍနှင့်ပုဂ္ဂလိကကဏ္ဍ စက်မှုလုပ်ငန်းများကို အဆက်အစပ်ရှိစွာ ပေါင်းစပ်ပေးပြီး ပန်းပဲဖိုသာသာအဆင့်မှ အဆင့်မြင့်နည်းပညာ အသုံးပြုစက်ကိရိယာများ သုံးစွဲနိုင်သောအဆင့်သို့ တွန်းအားပေးကူညီလျက် ရှိကြောင်း။

ထို့ပြင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆန်စပါးရောင်းဝယ်ရေးမူဝါဒသစ်ကို ပြောင်းလဲကျင့်သုံးပြီး ဆန်စပါးကို ပြည်တွင်းမှာ လွတ်လပ်စွာ သယ်ဆောင်ရောင်းဝယ်ကြိတ်ခွဲခွင့် ပြုထားပြီးဖြစ်သည့်အပြင် ပြည်တွင်းစားသုံးမှု၊ ဖူလုံပိုလျှံမှုအရ ပြည်ပတင်ပို့ရောင်းချခွင့် ပြုပေးမှာလည်းဖြစ်ကြောင်း။

ကမ္ဘာ့ဆန်ဈေးကွက်တွင် နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်ရန် မြန်မာ့ဆန် အရည်အသွေးတိုးတက်မြင့်မားလာရေးအတွက် ဆန်စက်များ အရည်အချင်းမြှင့်တင်ရေးကို ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရန် လိုနေပြီဖြစ်ကြောင်း၊ လာမည့် ဇန်နဝါရီ ၈ ရက်တွင် ကျင်းပမည့်ဆန်စက်များအရည်အချင်းမြှင့်တင်ရေးဆိုင်ရာ ထုတ်ကုန်ပစ္စည်းများပြပွဲတွင် စက်မှုဇုန်များရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ထုတ်လုပ်သောသွင်းကုန်အစားထိုး ဆန်စက်အပိုပစ္စည်းများကို ပြသသွားမည်ဖြစ်ကြောင်း။

တီထွင်ထုတ်လုပ်

စက်မှုလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံကြီးများမှ ခေတ်မီစက်ကိရိယာများ သုံးစွဲထုတ်လုပ်မှုနှင့် ရော်ဘာနည်းပညာရပ်များကို လေ့လာအတုယူပြီး လက်တွေ့နယ်ပယ်တွင် အသုံးကျမည့်စက်ပစ္စည်းကိရိယာအစိတ်အပိုင်းများကို ပေါင်းစပ်တီထွင် ထုတ်လုပ်သွားကြရန် တိုက်တွန်းလိုကြောင်း။

ပုဂ္ဂလိကစက်မှုဇုန်များက ၁၀ တန်ကျ ဆန်စက်ငယ်များကို ထုတ်လုပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ သို့မှသာ ဆန်အရည်အသွေး ကောင်းမွန်မည့် ဆန်စက်များကို နိုင်ငံအနှံ့ တွင်တွင်ကျယ်ကျယ် သုံးစွဲထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း။

တွင်ကျယ်စွာအသုံးပြု

ကုန်ထုတ်လုပ်မှုပုံစံအနေဖြင့်လည်း မကြာခင်လေ့လာကြည့်ရှုရမည့် အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ညောင်ခြေထောက်စက်ရုံတွင် စက်ရုံက ယခင်ထုတ်လုပ်ခဲ့သော ရိုးရိုးတွင်ခုံကို နည်းပညာပြောင်းလဲမြှင့်တင်ပြီး ကွန်ပျူတာဖြင့် ထိန်းချုပ်မောင်းနှင်နိုင်သော CNC (Lathe Machine) အဖြစ်သို့ အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သည့် လုပ်ငန်းနှင့် ခုတ်စားထုတ်လုပ်မည့် စက်ပစ္စည်းအတိုင်းအတာကို တိကျစွာ အလိုအလျောက် တိုင်းတာဖော်ပြပေးမည့် DRO (Digital Read-Out) စနစ်သုံး တွင်ခုံများထုတ်လုပ်နေမှုကို သေသေချာချာ လေ့လာကြည့်ရှုပြီး မိမိတို့၏ လုပ်ငန်းနယ်ပယ်တွင် သာမန်တွင်ခုံများ အသုံးပြုထုတ်လုပ်ခြင်းထက် ခေတ်မီ CNC စက်များဖြင့် ထုတ်လုပ်ခြင်းက အရည်အသွေးကောင်းမွန်သော ထုတ်ကုန်ပစ္စည်းများကို အချိန်တိုတိုအတွင်း ထုတ်လုပ်မှုစရိတ်သက်သာစွာဖြင့် ထုတ်လုပ်နိုင်သည့် အကျိုးကျေးဇူးကို ရရှိခံစားစေမည်ကို လက်တွေ့လေ့လာ ဖော်ထုတ်ကာမိမိတို့ကိုယ်တိုင် ယုံကြည်စွာဖြင့် လုပ်ငန်းခွင်အတွင်း တွင်ကျယ်စွာ အသုံးပြုသွားနိုင်ရန် ထည့်သွင်းဆွေးနွေးသွားကြရန် မှာကြားလိုကြောင်း။

စက်မှုဇုန်များသည် နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍ မှ ပါဝင်နေပြီဖြစ်ရာ ကုန်ပစ္စည်း ထုတ်လုပ်မှုအပိုင်း၌ လူလုပ်အားဖြင့် ထုတ်လုပ်သည့်အနေအထားမှ ခေတ်မီစက်စွမ်းအားဖြင့် ထုတ်လုပ်သည့်အဆင့်၊ ထိုမှတစ်ဆင့် အလိုအလျောက်စနစ်သုံး ကွန်ပျူတာဖြင့် ထိန်းချုပ်မောင်းနှင်သည့်စက်များဖြင့် ထုတ်လုပ်သည့်အဆင့်သို့ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကုန်တင်ယာဉ်ကြီးများထုတ်

ထို့အတူ ဆင်တဲနှင့်ထုံးဘိုစက်ရုံများမှ အင်ဂျင်နှင့်သံထည်ပစ္စည်းများ သွန်းလောင်းမှုအတက်ပညာ၊ ပုံဖိထုတ်လုပ်ခြင်းအတတ်ပညာ(Casting and Forging Technology)များကိုလည်းကောင်း၊ မြောင်းတကာနှင့် ကျောက်ဆွယ်ကျိုးသံမဏိစက်ရုံများတွင် သံမဏိချောင်း၊ သံမဏိပြားများကို လိုအပ်သည့် ပုံစံအတိအကျအတိုင်း ကွန်ပျူတာထိန်းချုပ်စက်များဖြင့် ပုံဖော်ထုတ်လုပ်နေမှုများကို လေ့လာခွင့်ရကြမည်ဖြစ်ရာ မိမိတို့၏စက်မှုဇုန်များတွင် လက်ရှိအရှိန်ရ ထုတ်လုပ်နေပြီဖြစ်သော ဂျစ်ကားအပါအဝင် ယာဉ်ငယ်များထုတ်လုပ်မှုလုပ်ငန်းအပြင် မကြာခင်တပ်ဆင်ထုတ်လုပ်ကြမည့် အများပြည်သူသုံး လူ ၆၀ စီး ဘတ်စကားများနှင့် ၁၀ တန်နှင့်အထက် ကုန်တင်ယာဉ်ကြီးများ ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် များစွာအထောက်အကူရစေမည် ဖြစ်ကြောင်း။

မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်သော စက်မှုဇုန်၁၁ ဇုန်က ယခင်နှစ်တွင် ဂျစ်ကားအပါအဝင် ယာဉ်ငယ်စုစုပေါင်း ၄၇၄ စီး ထုတ်လုပ်နိုင်ခဲ့ပြီး ယခုနှစ်တွင် ၁၀၃၈ စီး ထုတ်လုပ်ရန်လျာထားရာ ယနေ့အထိ ၈၆၁ စီး ထုတ်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်တစ်ဝန်းလုံး၏ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် လိုအပ်နေသော လူ၆၀စီးဘတ်စကားများ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ၁၀ တန်နှင့်အထက် ကုန်တင်ယာဉ်များ ထုတ်လုပ်ခြင်းလုပ်ငန်းကို စက်မှုဇုန်ရှစ်ဇုန်မှ စီမံချက်တင်ပြထားပြီဖြစ်ရာ အောင်မြင်စွာထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်အပိုင်းက ပံ့ပိုးကူညီရမည့် လုပ်ငန်းများကို ဆောင်ရွက်ပေးမည့် နည်းတူ သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း နည်းပညာပိုင်းအရ ပံ့ပိုးကူညီပေးသွားမည့်အပြင် အရည်အချင်း ပြည့်မီစေရေးအတွက် စံချိန်စံညွှန်းများ သတ်မှတ်ပေးသွားမည် ဖြစ်ကြောင်း။

ဤသို့ နိုင်ငံတော်က စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများဖြစ်ပေါ်တိုးတက်ရေးအတွက် အထူးအလေးထား စီမံဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ပေါ်လာစေရေးအတွက် ဦးစားပေးဆောင်ရွက်နေသကဲ့သို့ အခြားသော သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် နည်းပညာမြင့်မားသော စက်မှုလုပ်ငန်းများ ပေါ်ထွန်းလာရေးအတွက် ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းရှင်များအနေဖြင့် မိမိတို့အရည်အချင်း၊ မိမိတို့၏ အခန်းကဏ္ဍကို မှန်မှန်ကန်ကန် နားလည်သိရှိပြီး မိမိတို့စက်မှုလုပ်ငန်းများ တိုးတက်သည်ထက်တိုးတက်အောင် စက်မှုလုပ်ငန်းရှင်များအတွက် စီစဉ်ထားသည့် လေ့လာရေးခရီးစဉ်က များစွာအထောက်အကူပြုစေမှာ ဖြစ်ကြောင်း။

တန်ဖိုးဖြင့် စက်မှုထုတ်လုပ်

လေ့လာရေးခရီးစဉ်၏ အကျိုးရလဒ်အဖြစ် ကုန်ပစ္စည်းအမယ်သစ်(အမည်သစ်)များ သွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းအသစ်များ တီထွင်ကြံဆကြိုးစားထုတ်လုပ်သွားကြရန်ဖြစ်ကြောင်း၊ စက်မှုဇုန်များအနေဖြင့် လက်မှုလုပ်ငန်းအဆင့်မှ သမားရိုးကျ စက်ပစ္စည်းများသုံးစွဲနိုင်သည့် အဆင့်သို့ရောက်ရှိနေပြီဖြစ်ရာ ထိုမှတစ်ဆင့် ကွန်ပျူတာဖြင့်ထိန်းချုပ်သော ခေတ်မီစက်ပစ္စည်းများ သုံးစွဲပြီး တန်ဖိုးမြင့် စက်မှုထုတ်ကုန်များထုတ်လုပ်နိုင်သော အဆင့်သို့ တက်လှမ်းနိုင်အောင် ကြိုးစားကြရန် ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့ထုတ်ကုန်ပစ္စည်းများကို တိကျသေချာစွာ မြန်မြန်ဆန်ဆန်သက်သက်သာသာ အရည်အသွေးရှိရှိ ထုတ်လုပ်နိုင်မှာဖြစ်ကြောင်း။

နိုင်ငံပိုင်စက်ရုံများသို့ သွားရောက်လှည့်လည်ကြည့်ရှုလေ့လာပြီး လေ့လာတွေ့ရှိမှုများမှအကြံကောင်း၊ ဉာဏ်ကောင်းများ၊ အတွေ့အကြုံများကိုပြန်လည်ဆွေးနွေးသွားနိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ကျင်းပသွားရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲများတွင် ခေတ်မီနည်းပညာရပ်များအား လေ့လာသိရှိနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကျွမ်းကျင်သူပညာရှင်များက လယ်ယာသုံးစက်ပစ္စည်းကိရိယာထုတ်လုပ်မှု၊ မော်တော်ယာဉ်ထုတ်လုပ်မှု၊ ရော်ဘာနည်းပညာရပ်များ၊ စက်နှင့်စက်ကိရိယာထုတ်လုပ်မှုနှင့် သွင်းကုန်အစားထိုး ထုတ်လုပ်မှုနည်းပညာရပ်များကို ဆွေးနွေးတင်ပြသွားရန် စီစဉ်ထားရှိကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁

တပ်မတော်သည် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကိုလွှဲပြောင်း တာဝန်ယူပြီးနောက် ပထမဦးစွာ ထမ်းဆောင်ရသည့်တာဝန်မှာ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးပင် ဖြစ်သည်။ တစ်ဆက်တည်းမှာပင် တည်ဆောက်ရေးလုပ်ငန်းများကိုလည်း နိုင်ငံနှင့်အဝန်း အချိန်နှင့်တစ်ပြေးညီ ပြည်သူတို့နှင့် ပူးပေါင်း၍ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ရာတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန်လမ်းတံတားများကို ပြုပြင်ခြင်း၊ အသစ်တိုးချဲ့တည်ဆောက်ခြင်း၊ မြို့သစ်များ ဖော်ထုတ်ခြင်းတို့ကို ရန်ကုန်မြို့တော်မှစ၍ တစ်နိုင်ငံလုံးတွင် အကောင်အထည်ဖော်ခဲ့သည်။ ပြည်သူတို့၏ စားဝတ်နေရေးချောင်လည်စေရေးအတွက် ကုန်စည် စီးဆင်းမှု မြန်ဆန်သွက်လက်ရန် တပ်မတော်က စီမံဆောင်ရွက်ခဲ့သည်။

အထူးသဖြင့် တပ်မတော်အစိုးရသည် လမ်းစဉ်ပါတီအစိုးရက ကျင့်သုံးခဲ့သော စီးပွားရေးစနစ်သည် နိုင်ငံတော်၏ စီးပွားရေးဘဝကို ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နိုင်ခြင်း မရှိသည်ကို နိုင်ငံတော်၏ ပကတိ အခြေအနေများအရ သိရှိနားလည်ပြီးဖြစ်သည်။ သို့ဖြစ်၍ တပ်မတော်အစိုးရသည် ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ရန် စီမံခဲ့သည်။ ယင်းဈေးကွက်စီးပွားရေးစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် လမ်းစဉ်ပါတီအစိုးရခေတ်တွင် ပြဋ္ဌာန်းထားခဲ့သော စီးပွားရေးဆိုင်ရာ ဥပဒေများ၊ အမိန့်များ၊ ကြေညာ ချက်များကို ဖျက်သိမ်းပြီး ဈေးကွက်စီးပွားရေးစနစ်ကို ထောက်ကူဖြည့်ဆည်းပေးသော ဥပဒေများ၊ အမိန့်များ၊ ကြေညာချက်များကို အသစ်ပြဋ္ဌာန်းခြင်း၊ ထုတ်ပြန်ကြေညာခြင်း တို့ကိုလည်း ဆောင်ရွက်ခဲ့ သည်။ ပုဂ္ဂလိက ပြည်တွင်း ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု လုပ်ငန်းများနှင့် ပြည်ပရင်းနှီး မြှုပ်နှံမှု၊ ကုန်သွယ်မှု လုပ်ငန်း များကို တိုးမြှင့်ဆောင်ရွက် လာနိုင်ရန် တပ်မတော်အစိုးရသည် အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ခဲ့သည်။ ပုဂ္ဂလိကနှင့် သမဝါယမစီးပွားရေးအခန်းကဏ္ဍများကိုလည်း တိုးမြှင့်ဆောင်ရွက်နိုင်ရန် လိုအပ်သော ပံ့ပိုးဖြည့်ဆည်းမှုများကို ပေးခဲ့သည်။ တပ်မတော် အစိုးရသည် ၁၉၈၈ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ဥပဒေအမှတ်(၁၀/၈၈)ဖြင့် “ပြည်ထောင်စုမြန်မာနိုင်ငံတော် ရင်းနှီးမြှုပ်နှံမှုဥပဒေ”ကို ပြဋ္ဌာန်းပေးခဲ့သည်။

ယင်းအပြင် ဝန်ကြီးဌာနများကိုလည်း ပြည်သူတို့၏ အကျိုးစီးပွားနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို အပြည့်အဝအကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးမူဝါဒနှင့်အညီ ဆောင်ရွက်ရန် ဖွဲ့စည်းပုံများ ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊ ဥပဒေစည်းမျဉ်းများ ချမှတ်ပြဋ္ဌာန်းခြင်း၊ လမ်းညွှန်ကြီးကြပ် စစ်ဆေးခြင်းတို့ကို အဆက်မပြတ် ဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတော်၏ စီမံခန့်ခွဲရေးယန္တရား အားလုံးသည် သွက်လက် မြန်ဆန်မှန်ကန်လာခဲ့သည်။

၁၉၈၈ခုနှစ် တပ်မတော်အစိုးရ နိုင်ငံ့တာဝန်များကိုယူပြီးနောက် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဆည်တမံတည်ဆောက်ရေးလုပ်ငန်းများတွင် တပ်မတော်သားများ ဤသို့အင်တိုက်အားတိုက် ပါဝင်ခဲ့ကြသည်။

အထူးသဖြင့် တပ်မတော်အစိုးရသည် နှစ်ပေါင်းလေးဆယ်ကျော် လွတ်လပ်ရေးသက်တမ်းနှင့်အတူ ဖြစ်ပွားလာခဲ့သော ပြည်တွင်းပဋိပက္ခ မီးလျှံအောက်တွင် ဖွံ့ဖြိုးတိုးတက်မှု နောက်အကျဆုံးဖြစ်နေသော နယ်စပ် ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် အခြေခံအကျဆုံး မဏ္ဍိုင် ဖြစ်သည်ဟု တပ်မတော်အစိုးရက အခိုင်အမာယုံကြည်ထားပြီးဖြစ်သည်။

ကြယ်ဖြူ

တပ်မတော်သည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်း တာဝန်ယူပြီးနောက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် လမ်းများတိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ရန်ကုန်-ပြည်လမ်းမကြီးကို အဆင့်မြှင့်တင်ဖောက်လုပ်ပေးခဲ့သည်။

အကြောင်းမှု ခေတ်အဆက်ဆက် အစိုးရတို့က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက် နိုင်ခြင်း မရှိခဲ့ရခြင်းမှာ ယင်းဒေသများတွင် တည်ငြိမ်အေးချမ်းမှု မရှိခြင်းကြောင့်ပင်ဖြစ်သည်။

ထို့ကြောင့်ပင် တပ်မတော်အစိုးရသည် **“ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး”**ဟူသော ဒို့တာဝန် အရေးသုံးပါးကို အမျိုးသားရေးလမ်းညွှန်မူဝါဒအဖြစ် ခံယူကျင့်သုံးခဲ့သည်။ ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့သော တိုင်းရင်းသားများအတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရေး၊ မူးယစ် ဆေးဝါးထုတ်လုပ်ရေးဒေသများဖြစ်ခဲ့သော နယ်စပ်ဒေသများတွင် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်စေရေးနှင့် မူးယစ်ဆေးဝါးထုတ်လုပ်မှု လုံးဝချုပ်ငြိမ်းစေရေးတို့ကို ဦးတည်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းကို တပ်မတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ဤသို့အားဖြင့် တပ်မတော်အစိုးရသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၁၉၈၉ခုနှစ် မေလ ၂၅ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၃/ ၈၉)ဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းပြီး ၁၉၈၉ခုနှစ် မေလ ၃၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၂၄/ ၈၉)ဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းခဲ့သည်။ တစ်ဆက်တည်းမှာပင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို စီမံကိန်းများ ချမှတ်ပြီး ဆက်လက်အကောင်အထည်ဖော်ရာတွင် ဖွံ့ဖြိုးမှု လုပ်ငန်းကဏ္ဍအသီးသီးတို့မှ သက်ဆိုင်ရာလုပ်ငန်း ကဏ္ဍအလိုက် အနီးကပ်တာဝန်ယူဆောင်ရွက်နိုင်ရေးအတွက်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းဆပ်ကော်မတီ ကိုးခုကို ၁၉၈၉ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ယင်းလုပ်ငန်း ဆပ်ကော်မတီ



ငြိမ်းချမ်းရေးကို ဦးစွာပထမ တည်ဆောက်ခဲ့သည်

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကချင်ပြည်နယ် နောင်မွန်ဒေသမှ တိုင်းရင်းသားခေါင်း ဆောင်များအားအမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

တပ်မတော်အစိုးရက နိုင်ငံတော်ကို ပြန်လည်တည်ဆောက်ရာတွင် စီးပွားရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက် လျက်ရှိရာ ပြည်ပပို့ကုန်သွင်းကုန်များကို ကုန်သေတ္တာများဖြင့်ဤသို့ သယ်ဆောင်ကာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။



များမှာ–

(က) စိုက်ပျိုးရေးနှင့် သစ်တောလုပ်ငန်း ဆပ်ကော်မတီ။

(ခ) မွေးမြူရေးလုပ်ငန်းဆပ်ကော်မတီ။

(ဂ) လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆပ်ကော်မတီ။

(ဃ) ကုန်သွယ်ရေးနှင့် သမဝါယမလုပ်ငန်း ဆပ်ကော်မတီ။

(င) အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း ဆပ်ကော်မတီ။

(စ) စွမ်းအင်လုပ်ငန်းဆပ်ကော်မတီ။

(ဆ) ကျန်းမာရေးနှင့်ပညာရေး လုပ်ငန်းဆပ်ကော်မတီ။

(ဇ) ပြည်သူ့ဆက်ဆံရေးလုပ်ငန်းဆပ်ကော်မတီ။

(ဈ) စီမံခန့်ခွဲရေးနှင့်ဘဏ္ဍာရေးလုပ်ငန်း ဆပ်ကော်မတီ တို့ဖြစ်ကြသည်။

ယင်းသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရေးအတွက် တပ်မတော်အစိုးရသည် ၁၉၉၃ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကိုလည်း ပြဋ္ဌာန်းပေးခဲ့ပြီး ၁၉၉၄ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို တိုးချဲ့ ဖွဲ့စည်း၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီစွာ ကြိုးပမ်း အကောင်အထည်ဖော်ခဲ့သည်။

တပ်မတော်အစိုးရသည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို စတင်လွှဲပြောင်းတာဝန်ယူစဉ်ကာလကပင် နိုင်ငံတော်အား ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ထွန်းလာရေးအတွက် အခြေခံရည်မှန်းချက်များကို တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ ချမှတ်ဆောင်ရွက်ခဲ့ရာတွင် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးလမ်းညွှန်မူဝါဒအဖြစ် ချမှတ်ကျင့်သုံးပြီး လက်ငင်းတာဝန်ကြီး လေးရပ်ကိုလည်း ပေါက်မြောက်အောင်မြင်စွာ အကောင် အထည်ဖော်ခဲ့သည်။ ထို့နောက် နိုင်ငံတော်၏ အနာဂတ်ကာလတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ လူနေမှုဘဝ ဖြစ်တည်ရှင်သန်လာ

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကောင်းခါးမြို့သည် ယနေ့ကာလတွင် ယခင်ကနှင့်မတူ ဖွံ့ဖြိုးတိုးတက် စည်ကားနေသော မြို့ကြီးတစ်မြို့အဖြစ် မြင်တွေ့နေရပြီဖြစ်သည်။(အောက်ပုံ)
(ယာပုံ)မှာ ငြိမ်းချမ်းရေးရယူပြီးစ ၁၉၉၁ ခုနှစ်တွင်တွေ့ရသော ကောင်းခါးကျေးရွာ၏ လူနေအိမ်များဖြစ်သည်။



(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

စေရန် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်အား လက်တွေ့လုပ်ငန်းနယ်ပယ်၏ လုပ်ငန်းလမ်းညွှန်အဖြစ် ချမှတ်ကျင့်သုံး ဆောင်ရွက်ခဲ့သည်။ ယင်းဦးတည်ချက်များမှ နိုင်ငံရေးဦးတည်ချက်(၄)ရပ်တွင်–

(က) **နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။**

(ခ) **အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။**

(ဂ) **ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။**

(ဃ) **ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး**ဟူ၍လည်းကောင်း၊

စီးပွားရေးဦးတည်ချက်(၄)ရပ်တွင်–

(က) **စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။**

(ခ) **ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။**

(ဂ) **ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။**

(ဃ) **နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး**ဟူ၍

လည်းကောင်း၊ လူမှုရေးဦးတည်ချက်(၄)ရပ်တွင်–

(က) **တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။**

(ခ) **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။**

(ဂ) **မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။**

(ဃ) **တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး**ဟူ၍ လည်းကောင်း လမ်းညွှန်ချမှတ်ပြီး နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ကျစ်လျစ်ခိုင်မာသော အမျိုးသားညီညွတ်ရေးအင်အားကို အခြေခံပြီး ဆောင်ရွက်အကောင်အထည်ဖော်နိုင်ခဲ့သည်။ ထို့ကြောင့် အချိန်တိုကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမျက်နှာစာများတွင် အခြေခံကောင်းများတည်ဆောက်အောင်မြင်ခဲ့ခြင်းပင်ဖြစ်ပေသည်။ ။



တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံနှင့်အဝန်း အချိန်နှင့်တစ် ပြေးညီ ပြည်သူတို့နှင့် ပူးပေါင်း၍ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ရာတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန်လမ်းတံတားများကို ပြုပြင်ခြင်း၊ အသစ်တိုးချဲ့တည်ဆောက်ခြင်း၊ မြို့သစ်များ ဖော်ထုတ်ခြင်းတို့ကို ရန်ကုန်မြို့တော်မှစ၍ တစ်နိုင်ငံလုံးတွင် အကောင်အထည်ဖော်ခဲ့သည်။ ပြည်သူတို့၏ စားဝတ်နေရေး ချောင်လည်စေရေးအတွက် ကုန်စည် စီးဆင်းမှု မြန်ဆန်သွက်လက်ရန် တပ်မတော်က စီမံ ဆောင်ရွက်ခဲ့သည်။

လင်းလော့လွိုင်လင် လွိုင်လင်လင်းလော့(၄)

ရတနာစည်ဆရာတော်
(လွိုင်လင်)

(က)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပင်လုံဒေသ ပြည်ထောင်စုကျောက်တိုင်ဝင်းအတွင်း တည်ထားဆဲ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်မြတ်ကြီးအနီး မင်္ဂလာမဏ္ဍပ်၌ ဒုတိယအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲဖြင့် ကုသိုလ်အလင်းမြှင့်ပြီးသော် ဆက်လက်၍ လွိုင်လင်ခရိုင်အတွင်း ကုသိုလ်မြှင့်အလင်းခရီး ထွက်ခဲ့သည်တို့ကို တပေါင်းတစည်းတည်း ဆောင်းပါးတစ်ပုဒ်ထဲမှာ မှဒိတာအက္ခရာ သီအပ်ပါ၏။

သည်ခရီးအတွင်း နိုင်ငံတော်ဝန်ကြီးချုပ်သည် အောင်မင်္ဂလာ ဝမ်အင်ရှေးဟောင်းစေတီစုနှင့် မိုင်းကိုင်မြို့ ရှေးဟောင်းသမိုင်းဝင် ရွှေမြင်ထင်စေတီစုများသို့ ရောက်ရှိ ဖူးမြင်ရင်း ကောင်းမှုအလင်းတန်း ယှက်သန်းခြုံလွှမ်းအောင် အလင်းဖြန့်ခဲ့လေ၏။

(ခ)

အောင်မင်္ဂလာဝမ်အင် ရှေးဟောင်းစေတီစု

ရှေးဟောင်းစေတီစုများနှင့်အတူ ကျောင်းတိုက်ကြီးပါ တည်ရှိ၏။ ပင်လုံဆင်ခြေဖုံးအရပ်ဝယ် ဝမ်အင်ရွာ၊ ဝမ်လုံရွာ၊ နောင်ဟိုင်းရွာ၊ ဟိုမိုက်ဆော့ရွာနှင့် ကောင်းမောက်မယ်ရွာ ဟူသော ရွာငါးရွာကို ဂေါစရဂါမ်ပြုကာ တည်ရှိသော အထောက်အပံ့ကောင်းသည့် ကျောင်းကြီးဖြစ်၏။ အမှန်ဆိုလျှင် ရွာငါးရွာနှင့်တကွ ပင်လုံကိုပါ အခြေပြုထားသော ကျောင်းကြီးဖြစ်ရာ သံဃာအပါးရာကျော် မွေ့လျော်သီတင်းသုံးနိုင်သည့် စာသင်တိုက်ကြီးတစ်တိုက် ဖြစ်သင့်ခဲ့၏။ သို့သော် လက်တွေ့၌ ဖြစ်မလာနိုင်ခဲ့။ ဖြစ်မလာနိုင်ခြင်း၏ အကြောင်းရင်းစစ်စစ်မှာ ဒေသမလုံခြုံမအေးချမ်း မတည်ငြိမ်သောကြောင့်ဖြစ်၏။

ဒေသမလုံခြုံ မတည်ငြိမ် မအေးချမ်းခြင်းကြောင့် ဒေသခံ ရှင်ငယ်၊ ရဟန်းငယ်များအတွက် ပညာရေးအားပေးခွင့် မရနိုင်သဖြင့် ထိုရှင်ငယ် ရဟန်းငယ်များကို မြေပြန့်ရှိ စာသင်တိုက်များသို့ စေလွှတ်ကာ ပညာရည်နို့သောက်စို့စေခဲ့ရ၏။ ရန်ကုန်၊ သန်လျင်၊ ကျောက်တန်းဘက်သို့လည်းကောင်း၊ သထုံ၊ မော်လမြိုင်ဘက်သို့လည်းကောင်း ဆက်သွယ်ရရှိသည့် ဒေသများရှိ စာသင်တိုက်များသို့ ပညာသင်စေလွှတ်ခဲ့ရ၏။ ပင်လုံနှင့် ခြေတစ်လှမ်း လက်တစ်ကမ်းအတွင်းရှိ ရှေးဟောင်းစေတီစုနှင့် ကျောင်းကြီးသည် နယ်ချဲ့ခေတ်တစ်ခေတ်လုံးနှင့် လွတ်လပ်ရေးခေတ် နှစ်လေးဆယ်လုံးလုံး ညှိုးချုံးတိမ်မြုပ်ငုပ်လျှိုးနေခဲ့ရလေ၏။

ယနေ့ တပ်မတော်အစိုးရ တက်ရောက်လာပြီးနောက် ငြိမ်းချမ်းခေတ်သစ် တည်ဖြစ်လင်းပွင့်အောင် ဝင့်ဝင့်ဝဲဝဲ ဆောင်ရွက်လာနိုင်သည့် ဤမှာဘက်ကာလများ ရောက်လာမှသာ အောင်မင်္ဂလာဝမ်အင် ရှေးဟောင်းစေတီစုများ၏ ဘုန်းသည် မချုံးမညှိုး ဖြိုးဖြိုးဝေလန်းလာခဲ့ရ၏။

၁၉၉၀ပြည့်လွန်ကာလဝယ် ယနေ့နိုင်ငံတော်ဝန်ကြီးချုပ်သည် ထိုစဉ်က အတွင်းရေးမှူး(၁)အဖြစ် မိုင်းရှူးဒေသ ရတနာမြေသို့ ရောက်ရှိကာ ကြည့်ရှုစစ်ဆေးရင်း ပင်လုံသို့ပါ ရောက်ရှိလာပြီး ထိုစဉ်က ချုံနွယ်မဖုံးရုံတမည် ဖြစ်နေသည့် ပင်လုံကျောက်တိုင်ကို ဝင်းနှင့်တလင်းနှင့် ခြံနှင့်အရံနှင့် တင့်တင့်တယ်တယ် ဖြစ်ထွန်းလာအောင် ဆောင်ရွက်ပေးခြင်းဖြင့် တပ်မတော်၏ စေတနာအလင်းကို စောစီးစွာ ဖြန့်ကြက်ပေးခဲ့၏။ ယင်းစေတနာအလင်း၌ ရောင်ပြန်ဟပ်လာပုံများအဖြစ် ၁၉၉၁ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် ပအိုဝ်းအမျိုးသားအဖွဲ့ ငြိမ်းချမ်းရေးရယူလာခြင်း၊ ၉–၁၀–၉၄ ရက်တွင် ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေး(ပအိုဝ်းနီ)အဖွဲ့နှင့် ၅–၁–၉၆ရက်တွင် ရှမ်းပြည်တပ်မတော်အဖွဲ့ လက်နက်နှင့် ငြိမ်းချမ်းရေး ရယူလာခြင်းဟူသော ရောင်ပြန်ဟပ်ဖြစ်စဉ်တို့ဖြင့် သစ်လွင်တောက်ပလာလေ၏။

ယင်းသို့ တပ်မတော်အစိုးရ၏ စေတနာအလင်း၌ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ရောင်ပြန်ဟပ်ထင်လာကာ ရှမ်းပြည်နယ်တောင်ပိုင်းတစ်ကြော ‘အေးချမ်းသော’၊ ‘တည်ငြိမ်သော’၊ ‘ညီညွတ်သော’၊ ‘စည်းလုံးသော’ ဟူသည့် ဝိသေသန‘သော’တွေ ထုပြောလာသည်တွင် ရှေးဦးစွာ တောင်ကြီးခရိုင်ကိုအထူးဖွံ့ဖြိုးရေး ဒေသကြီးအဖြစ်လည်းကောင်း၊ ထို့နောက်၌ လွိုင်လင်ခရိုင်ကို အထူးဖွံ့ဖြိုးရေးဒေသကြီးအဖြစ်လည်းကောင်း သတ်မှတ်ကာ ဒေသခံတို့၏ အကျိုးအလို့ငှာ ဖွံ့ဖြိုးတိုးတက်ရေးအလင်းအားကို မြှင့်ပေးလာနိုင်သည်။ ထိုသို့ အလင်းအားမြှင့်ပေးလာနိုင်သည့် ယနေ့အချိန်ဝယ် ဘာသာရေး၊ သာသနာရေး အလင်းတန်းများသည်လည်း ခြုံလွှမ်းပြန့်ကျယ်လာလေ၏။

ဤတွင် တစ်နိုင်ငံလုံး ကြားနေအပ်သည့် စကားတစ်ရပ်ကို ဖော်ပြအပ်ပါ၏။ ဤသည်မှာ–

“နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကနဦးလိုအပ်ချက်မှာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးပင်ဖြစ်ကြောင်း၊ ပြည်သူလူထုသည် ၎င်းတို့၏ အသက် အိုးအိမ်စည်းစိမ် လုံခြုံမှုအတွက် အေးချမ်းသာယာစွာနေထိုင်ပြီး ပညာရှာဖွေခြင်း၊ ဉစ္စာမနေရှာဖွေခြင်းနှင့် ကြည်ညိုကိုင်းရှိုင်းရာ ဘာသာ သာသနာကိစ္စများဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ဖို့ လိုအပ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုသည် ရှိနေဆဲကာလတွင် ၎င်း၏တန်ဖိုးကို သတိထားမိချင်မှ ထားမိမည်ဖြစ်သော်လည်း ဆုံးရှုံးသွားသည့်အခါကျမှ အလွန်တောင့်တကြရသည့်အချက်ဖြစ်သည်ကို ယနေ့ကမ္ဘာ့ဖြစ်ရပ်များက သက်သေပြလျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံတွင် နယ်စပ်ဒေသများပါမကျန် အေးချမ်းသာယာရေးအတွက် တပ်မတော်တစ်ရပ်သည် မရှိမဖြစ်လိုအပ်ကြောင်း”

ဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ၁၂–၅–၂၀၀၃ရက်က ကျင်းပသည့် အမှတ်စဉ်(၁၀၆)တပ်မတော်ဗိုလ်လောင်းသင်တန်းဆင်းပွဲ၌ ပြောကြားခဲ့သည့် မိန့်ခွန်းပါအချက်များဖြစ်၏။

ယင်းစကားရပ်က တည်ငြိမ်အေးချမ်းခြင်း၏ တန်ဖိုးကို မီးမောင်းထိုးပြထား၏။ ယင်းတန်ဖိုး ဆုတ်ယုတ်ကျဆင်းနေသည့် ယနေ့အာရပ်နိုင်ငံ တစ်နိုင်ငံ၏ ဖြစ်ရပ်နှင့် ယင်းတန်ဖိုးတိုးတက်နေသည့် ယနေ့မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ရပ်တို့ ခြားနားပုံကို ယနေ့သတင်းစာ စာမျက်နှာများက သက်သေအက္ခရာ တင်နေလေပြီ။ တန်ဖိုးတက်လာနေသော ယနေ့မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုများစွာ များစွာတို့ထဲမှ တစ်ခုအဖြစ် ပင်လုံအောင်မင်္ဂလာ စေတီစုနှင့် ကျောင်းတော်ကြီးက သက်သေဒြပ်တစ်ရပ် ဖြစ်လာနေလေ၏။ ယင်း ရှေးဟောင်းစေတီစုတို့တွင် ညောင်ရမ်းခေတ်ပုံစံ စေတီတော်များလည်း ပါဝင်နေသဖြင့် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၀ ဝန်းကျင်ကတည်းက တည်ရှိခဲ့ကြောင်း သမိုင်းသုတေသီစာရေးဆရာကြီး သိန်းသန်းထွန်းက ဆုံးဖြတ်ထား၏။ ထိုမျှကြာညောင်းခဲ့သော စေတီတော်များသည် နယ်ချဲ့ခေတ်တစ်ခေတ်လုံးနှင့် လွတ်လပ်ရေးခေတ် နှစ်လေးဆယ်လုံးလုံး ညှိုးချုံးစွာ သီတင်းသုံးစံပယ်ခဲ့ရသည်မှာ အလွန်ဝမ်းနည်းဖွယ်ဖြစ်သကဲ့သို့ ယနေ့ခေတ်ထွန်းသစ်ဘုန်းပွင့်လာသည်ကတော့ အလွန်တရာ ဝမ်းသာကြည်နူးဖွယ်ဖြစ်ဘိ၏။ ထို့အတူ ကျောင်းတိုက်ကြီးမှာ ယနေ့ကာလ ရဟန်းသာမဏေ အပါး၇၀ကျော် သီတင်းသုံးလာနိုင်သော စာသင်တိုက်တစ်တိုက်အဖြစ် ထွန်းသစ်လာခြင်းသည်လည်း အားရဝမ်းသာဖွယ် ဖြစ်ပါ၏။

ယခုအခါ အသစ်တည်ဆောက်ပြီးဖြစ်သော အလယ်ကျောင်းကြီးအပေါ်ထပ်သို့ တက်ရောက်သွားလျှင် ခမ်းနားသည့် ဘုရားဆောင်ကြီးအတွင်း ဗုဒ္ဓဆင်းတုတော်များကို ဖူးမြင်ရပြီး ယင်းဗုဒ္ဓဆင်းတုတော်တို့၏ စေတနာရှင်ကမ္ပည်းကို ဤသို့တွေ့မြင်ရ၏။

“ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေ မိသားစုကောင်းမှု”ဟူ၍ဖြစ်၏။ ထိုမှ ရှေးဟောင်းစေတီတော်ဝင်းအတွင်း စေတီစုများကို လှည့်လည်ဖူးမြော်သောအခါ ယခင်နှင့်မတူ တစ်မူထူးခြား ခမ်းနားထည်ဝါစွာ ပြုပြင်မွမ်းမံထားမှုနှင့်အတူ စေတနာရှင်များ၏ ကမ္ပည်းစာသားကို ဤသို့တွေ့မြင်ရ၏။

ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ မိသားစု။
ထလတ(၂)တပ်မှူး ဗိုလ်မှူးမင်းလွင်၊ ဇနီးဒေါ်မြမြသင်း။
ငြိမ်းချမ်းရေးအထူးဒေသ(၆)ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ခမ်းထီ။
ပတ္တမြားနဂါးကုမ္ပဏီ ဥက္ကဋ္ဌ ဦးနေဝင်းထွန်း၊ ဇနီး ဒေါ်နန်းအေးအေးမြင့်။

ဤတွင် ပင်လုံဒေသ၌ လူသိများလာသော အကြောင်းအရာတစ်ခုကို တစ်နိုင်ငံလုံးသိရှိစေရန် ရေးသားအပ်လာ၏။ အခြားမဟုတ်ပါ။ ယခင်ကာလ မြေပြန့်သို့ သွားရောက်၍ ပညာသင်ကြားကြသည့် ဒေသခံ ရှမ်း၊ ပအိုဝ်းသာမဏေတို့တွင် အသက်၁၃နှစ်အရွယ် ရှင်ဇဋိလလည်းပါဝင်ခဲ့ပြီး ၎င်းသည် ကျောက်တန်းမြို့စာသင်တိုက်တစ်တိုက်၌ ပညာသင်ရင်း ဆွမ်းခံအိမ်တစ်အိမ်နှင့် ရင်းနှီးလာရာ အသက် ၂၀ပြည့်သော် ထိုဆွမ်းခံအိမ်ကပင် ရဟန်းဒါယကာအဖြစ် ခံယူလျက် ရဟန်းဘောင်သို့ မြှင့်တင်ချီးမြှောက်ခဲ့လေ၏။ နောင်တွင် ထိုရဟန်းဒါယကာကြီးနှင့် ရဟန်းဒါယိကာမကြီးတို့ တမလွန်ကူးပြောင်းလေသော် ၎င်းတို့၏ သားသမီးများက ရဟန်းတော်အရှင်ဇဋိလအား ပစ္စည်းလေးပါး မကြောင့်မကြရအောင် ဆက်လက်၍ လှူဒါန်းထောက်ပံ့ခဲ့လေ၏။

ထိုရဟန်းဒါယကာကြီးနှင့် ရဟန်းဒါယိကာမကြီးများမှာ ဦးဘညွန့် ဇနီးဒေါ်စိန်ရှင်ဖြစ်ပြီး ၎င်းတို့၏ သားသမီးများမှာ ဒေါ်အေးမြင့်၊ ဒေါ်တင်မြင့်နှင့် ယနေ့နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့ ဖြစ်ကြပါ၏။ ယခုအခါတွင် ဝါတော်(၇)ဝါ ရနေပြီဖြစ်သော ရဟန်းအရှင်ဇဋိလသည် မိမိ၏မူလကျောင်းဖြစ်သည့် အောင်မင်္ဂလာဝမ်အင်ကျောင်းကြီး၌ ကျောင်းထိုင်ဆရာတော် အရှင်ရာဇိန္ဒနှင့်အတူ စာသင်တိုက်တစ်တိုက်အဖြစ် ထွန်းသစ်လာအောင် စွမ်းဆောင်နေလေပြီ။ ထိုအောင်မင်္ဂလာစေတီစုနှင့် ကျောင်းတိုက်သို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ ရောက်ရှိလာကာ ဆရာတော်သံဃာတော်တို့အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ စေတီတော်များ မွမ်းမံပြုပြင်ရန် အလှူငွေများ ဆက်ကပ်လှူဒါန်းခြင်းဖြင့် အလင်းအား မြှင့်ပါလေ၏။ နိုင်ငံတော်ဝန်ကြီးချုပ်သည် ထိုမှ ဆက်လက်၍ မိုင်းကိုင်မြို့ ရှေးဟောင်းသမိုင်းဝင် ရွှေမြင်ထင်စေတီစုသို့ ရောက်ရှိလာပါသည်။

(ဂ)

မိုင်းကိုင်မြို့ သမိုင်းဝင်ရွှေမြင်ထင်စေတီစု

မြန်မာသံ မိုင်းကိုင်သည် ရှမ်းသံ မိန်းကိန်ဖြစ်၏။ မိန်းဆိုသည်မှာ ရှေးတုန်းကစော်ဘွားတစ်ဦးပိုင် နယ်မြေအတွင်းမှ ဟော်နန်းတည်ရာမြို့တော်ကိုဆိုလိုပြီး ကိန်ဆိုသည်မှာ ထိုက်တန်ခြင်းကို ဆိုလေ၏။ ဘယ်အရာနှင့် ထိုက်တန်သနည်းဟုမေးလျှင် မြတ်ဗုဒ္ဓ၏ သရီရဓာတ်တော်များနှင့် ထိုက်တန်ပါသည်ဟု သမိုင်းအရ ဖြေရမည်ဖြစ်၏။ ထို့အပြင် ယနေ့ဖြစ်စဉ်တစ်ခုအရ ပေါ်ထွက်လာသည့် အဖြေသစ်တစ်ခုကိုလည်း နောက်ပိုင်း၌ ဖတ်ရှုကြရဦးမည်ဖြစ်၏။

သမိုင်းအရ ပထမမြန်မာနိုင်ငံတော်ကြီး၌ ထီးနန်းစိုးအုပ် မင်းလုပ်သည့် အလောင်းစည်သူမင်းတရားကြီးသည် ကောဇာ ၄၆၆ခုနှစ်တွင် တိုင်းခန်းလှည့်လည်ရင်း ဤဒေသသို့ ရောက်ရှိလာစဉ် စေတီတစ်ဆူကို ဖူးရသဖြင့် သိမိသူ အဆက်ဆက် စုံစမ်းသောအခါ စေတီပေါင်းရှစ်သောင်းလေးထောင်တို့တွင် အပါအဝင်ဖြစ်သည့် စေတီတစ်ဆူဟု သိရှိရ၍ ထပ်မံဉာဏ်တော်မြှင့်ကာ ပြုပြင်မွမ်းမံတည်ထားလေ၏။ အလောင်းစည်သူမင်းတရားကြီးသည် မြတ်ဗုဒ္ဓ၏ သရီရဓာတ်တော်များကို ရွှေမြင်းရုပ်၏ ကျောပေါ်၌ ရတနာရွှေကြုတ်ဖြင့်တင်ကာ ဌာပနာသွင်းထား ပူဇော်သော စေတီတော်ကြီး ဖြစ်သောကြောင့် ယင်းဗျူပ္ပတ်ကိုမှီပြီး ‘ရွှေမြင်းတင်စေတီ’ဟု ခေါ်ဝေါ်လာကြရာမှ ကာလရွေ့လျောလာသောအခါ ‘ရွှေမြင်တင်စေတီ’၊ ‘ရွှေမြင်ထင်စေတီ’ဟု အသံပါရွေ့လျောလာခဲ့လေ၏။ ထိုစေတီတော်တည်ရှိရာဒေသသည် သရီရဓာတ်တော်များကို ကိုးကွယ်ထိုက်သောဒေသ၊ ကိုးကွယ်ရန် ထိုက်တန်သောဒေသအဖြစ် မိန်းကိန်=မိုင်းကိုင်ဟု ခေါ်ဝေါ်လာခဲ့ကြပါသည်။

ထိုအချိန်မှစ၍ စော်ဘွားအဆက်ဆက် ရွှေမြင်းတင်=ရွှေမြင်တင်= ရွှေမြင်ထင် စေတီတော်ကို ကိုးကွယ်လာကြရာ ကောဇာ ၉၃၁ ခုနှစ်တွင် မိုင်းကိုင်စော်ဘွားကြီး ပစ်ခုံဖ ကွယ်လွန်သွားသောအခါ သားတော်က ဆက်လက်အုပ်ချုပ်သည်တွင် ထိုသားတော်သည် အလွန်ရက်စက်ကြမ်းကြုတ်လွန်းသောကြောင့် နယ်သူနယ်သားတို့က ကြမ်းရမ်းသော စော်ဘွားဟု အဓိပ္ပာယ်ရသည့် ‘ခွန်မင်းကြမ်း’ အမည်ဖြင့် အနွတ္ထသညာ ခေါ်ဝေါ်လာကြပါသည်။

ခွန်မင်းကြမ်းဟူသော အမည်နာမအတိုင်းပင် ထိုစော်ဘွားသည် သာသနာတော်ကိုမကြည်ညိုဘဲ ရိုင်းပျစွာ ပြုမူနေသကဲ့သို့ နယ်သူနယ်သားများ အပေါ်၌လည်း ကြမ်းတမ်းရက်စက်စွာ တရားမဲ့ထင်တိုင်းကြဲ အုပ်ချုပ်နေသည်တွင် ခုနစ်နှစ်အကြာ ကောဇာ ၉၃၈ ခုနှစ်၌ ရွှေမြင်ထင်စေတီတော်သည် အလိုလိုမြောက်ဘက်အရပ်သို့ ထူးဆန်းစွာ ကိုင်းညွတ်သွားသောအခါ တစ်နယ်လုံး အုတ်အော်သောင်းတင်း ဖြစ်သွားရုံမက အင်းဝသတိုးမင်းစော (၉၁၆–၉၄၅) နားတော်သို့ ပေါက်ကြားသွားလေ၏။ ဤတွင် ခွန်မင်းကြမ်းသည် ကြီးမားစွာ ကြောက်လန့်တုန်လှုပ်လျက် ဆွေတော်မျိုးတော် မှူးမတ်အချို့အပါအဝင် လူပေါင်း ၅၀ နှင့်အတူ မြေတိုက်တွင်းဆင်း၍ အဆိပ်သောက်ကာ မိမိကိုယ်မိမိ အဆုံးစီရင်သွားကြကြောင်း မိုင်းကိုင်သမိုင်းစာ၌ အထင်အရှားရှိလေ၏။

ထိုမှ ကောဇာ၁၀၈၈ခုနှစ် စော်ဘွားခွန်စံလှလက်ထက် ရောက်လာသောအခါ ထိုစော်ဘွားသည် မင်းပျို မင်းလွင် ဖြစ်သည့်တိုင်အောင် ရာဇမာန် မထန်မကြမ်းဘဲ တရားသဖြင့် အုပ်ချုပ်ခြင်း၊ သာသနာတော်ကို ကြည်ညိုစောင့်ရှောက်ခြင်းဟူသော လူချစ်၊ နတ်ချစ်၊ ဂုဏ်ရည်သစ်လျက်ရှိနေရာမှ အံ့ဖွယ် အဖြစ်တစ်ရပ် ဖြစ်ပေါ်လာလေ၏။ နှစ်ပေါင်း ၁၅၀တိုင်တိုင် မြောက်ဘက်သို့ ကိုင်းညွတ်နေသော ရွှေမြင်ထင်စေတီတော်မှာ ထိုနှစ်တပေါင်းလပြည့်နေ့၌ အလိုလို ပြန်လည်တည့်မတ်တော်မူလာခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မိုင်းကိုင်တစ်နယ်လုံး ဝမ်းသာမဆုံးဖြစ်ကြကာ“ဘုရားကြီး ပြန်မတ်လာပြီ”ဟု ပြောဆိုကြသည်မှ “တည့်မတ်စေတီ” (ရှမ်းဘာသာ–ဘုရားခိန့်ဆိ)ဟူသော ဘွဲ့နာမတော် ရရှိပြန်ပါသည်။ ထိုအချိန် (၁၀၈၈ တပေါင်းလပြည့်)မှစ၍ ဘုရားပွဲတော်စတင်ကျင်းပလာကြပြီး ခေတ်အဆက်ဆက် တိုးချဲ့ပြုပြင်မွမ်းမံခြင်းဖြင့် ကိုးကွယ်လာကြပါသည်။

ယင်းသို့ ရွှေမြင်းတင်စေတီ=ရွှေမြင်တင်စေတီ=ရွှေမြင်ထင်စေတီ သုံးဘွဲ့ချီသည့်အပြင် တည့်မတ်စေတီဟူသော ဘွဲ့တော်များ ခံယူတော်မူရသည့် ရှေးဟောင်းသမိုင်းဝင် ရွှေမြင်ထင်စေတီတော်ပရိဝုဏ်၌ မကြာသေးမီကာလများအတွင်း ပေါ်တော်မူရုပ်ပွားတော်ကြီးတစ်ဆူ ထပ်မံပေါ်ထွက်လာပြန်လေရာ ထိုပေါ်တော်မူရုပ်ပွားတော်ကြီးအား ထိုက်ထိုက်တန်တန် ပူဇော်ခွင့် ရရှိပြန်လေ၏။ ယင်းသည်“ကိန်”= ထိုက်တန်သည် ဟူသော သမိုင်းစဉ်စကားရပ်၏ ယနေ့အဓိပ္ပာယ်သစ် ဖြစ်ပါသည်။

ယနေ့တပ်မတော်အစိုးရသည် မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံထောင့်စုံကဏ္ဍစုံ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေခြင်းနှင့်အတူ ဗုဒ္ဓမြတ်စွာ သာသနာရောင်ဝါ ထိန်လင်းအောင် စေတီဟောင်းများ ပြုပြင်မွမ်းမံ၊ စေတီသစ်များ တည်ထားကိုးကွယ်၊ စာသင်တိုက်ကြီးများသို့ ပစ္စည်းလေးပါး လှူဒါန်း၊ ကမ္မဋ္ဌာန်းတိုက်များအား ထောက်ပံ့၊ နယ်စပ်မျဉ်းသို့တိုင် သာသနာရောင်လင်းအောင် ကြိုးပမ်းနေသည့် အားလျော်စွာ မိုင်းကိုင်မြို့ ရှေးဟောင်းသမိုင်းဝင် ရွှေမြင်ထင်စေတီတော်စုကိုလည်း ပြုပြင်မွမ်းမံနေဆဲ ကာလတွင် ထိုပရိဝုဏ်အတွင်းရှိ ပြိုပျက်နေသော ရှေးဟောင်းစေတီတော် တစ်ဆူအတွင်းမှ ပေါ်ထွက်လာသည့်ထိုင်တော်မူရုပ်ပွားတော်ကြီး ဖြစ်ပါသည်။

ထိုပြိုပျက်နေသော ရှေးဟောင်းစေတီမှာ နှစ်ပေါင်းများစွာ ကတည်းက အင်္ဂတေများကွာကျ၊ အုတ်အကြားမိုးရေစိမ့်ဝင်၊ အလိုလိုပင် အုတ်များပြိုကျစသော သဘာဝဘေးဒဏ်များကြောင့် အုတ်ပုံကြီးသဖွယ်ဖြစ်ခဲ့ရာမှ ၂၉–၆–၂၀၀၂ ရက်တွင် ထိုအုတ်ပုံကြီးအပေါ်ထိပ်၌ မဏိတော် (ရုပ်ပွားဦးခေါင်းတော်) ပေါ်ထွက်လာသည်ကို တွေ့မြင်ရသောကြောင့် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ ရေဝတနှင့် ဂေါပကအဖွဲ့ဝင်များက ဝါးငြမ်းဆင်၍ တက်ရောက်ကြည့်ရှုကြပြီး ဆက်လက်၍ အုတ်ကျိုးအုတ်ပဲ့များကို ဖယ်ရှားသောအခါ အမြင့် ၇ပေ၊ မျက်နှာတော်အကျယ် ၅ပေ၊ ဦးခေါင်းတော်လုံးပတ် ၁၄ပေရှိ ဦးခေါင်းတော်ကြီး ထီးထီးမားမား ပေါ်ထွက်လာလေ၏။ ဦးခေါင်းတော်ပတ်လည်၌ ကြေးဆင်းတု၊ ခဲဆင်းတုနှင့် ကျောက်ဆင်းတု ၂၅ဆူကိုပါ တွေ့မြင်ရလေ၏။

ဤတွင် တာဝန်ရှိသူများက ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ထံ တင်ပြသောအခါ တိုင်းမှူးကိုယ်တိုင် ကြီးကြပ်စီစဉ်မှုဖြင့် ပညာရှင်များ ပါဝင်သော အဖွဲ့တစ်ဖွဲ့ မိုင်းကိုင်သို့ စေလွှတ်ကာ မူလရုပ်ပွားတော်ကြီးအား မထိခိုက်စေမှုဘဲ အုတ်များကို ဆက်လက်ဖယ်ရှားစေသောအခါ ဉာဏ်တော်အမြင့် ၄၂ပေရှိ ထိုင်တော်မူရုပ်ပွားတော်ကြီး ပေါ်ထွက်တော်မူလာလေ၏။

ယင်းသို့ ပူဇော်ရန် ထိုက်တန်စွာပေါ်ထွန်းလာသည့် ပေါ်တော်မူ ရုပ်ပွားတော်ကြီးအား ၂၀၀၂ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုစဉ်က [နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး(၁)] ကိုယ်တိုင် ရောက်ရှိဖူးမြော်ရင်း ရုပ်ပွားတော်ကြီး ကြံ့ခိုင်မှုအတွက် ဦးခေါင်းတော်ပိုင်း ပြိုမကျအောင် ရုပ်ပွားတော်ကြီးကျောဘက်မှ ကွန်ကရစ်တိုင်ဖြင့် လည်ပင်းတော်နှင့် ဦးနောက်တော်နေရာများ၌ ကွန်ကရစ်ဒေါက် ထောက်ပင့်ထားရန်၊ ယင်းကွန်ကရစ်ဒေါက်ကို ထီးထီးကြီးထားလျှင် မျက်စိပသာဒ ထောင့်နေနိုင်သဖြင့် တင့်တယ်သပ္ပာယ်သွားအောင် တံကဲသဖွယ် စီမံရန်နှင့် မှန်ကင်း၊ ဦးဆောက်ပန်း၊ စိုင်ပေါင်၊ ပုစွန်တုပ်ကွေး၊ တံကဲ၊ ပလ္လင်နှင့် ရေဆင်းဟူသော အင်္ဂါရပ်စုံ ပါဝင်သည့် ပလ္လင်တော်ကြီး တည်ဆောက်ရန် လမ်းညွှန်မှာကြားခဲ့၏။

ယခု လွိုင်လင်ခရိုင် အလင်းမြှင့်ခရီးစဉ်အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ မိုင်းကိုင်မြို့ ရှေးဟောင်းသမိုင်းဝင် ရွှေမြင်ထင်စေတီစုသို့ ရောက်ရှိလာပြီး ပေါ်တော်မူရုပ်ပွားတော်ကြီးကို ဖူးမြင်ရသည့်အခါ မူလလက်ရာမပျက် မွမ်းမံထားသော ဉာဏ်တော်အမြင့်၄၂ပေရှိ ပေါ်တော်မူရုပ်ပွားတော်ကြီးကို ပလ္လင်နှင့် တံကဲ တင့်တယ်သပ္ပာယ်စွာ ဖူးတွေ့ရလေ၏။

နိုင်ငံတော်ဝန်ကြီးချုပ်အား ရှေးဟောင်းသုတေသန ဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး(အင်ဂျင်နီယာ) ဦးမျိုးညွန့်က ရှေးဟောင်းဗုဒ္ဓဆင်းတုတော်ကြီး ရှေးမူမပျက် မွမ်းမံခြင်းနှင့် ဂန္ဓကုဋိဆောင်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ထားမှုများကို ဗီသုကာပုံစံများဖြင့် ရှင်းလင်းတင်ပြလေ၏။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှေးဟောင်း ပေါ်တော်မူ ဗုဒ္ဓဆင်းတုတော်ကြီး ဘက်စုံပြုပြင်မွမ်းမံမှု တည်ဆောက်နိုင်မည့်အခြေအနေကို ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုကြပြီးနောက် နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အတူ ပါလာကြသည့် စေတနာရှင်များက အလှူတော်ငွေများ လှူဒါန်းကြလေ၏။

ရှမ်းရိုးမကျောက်မျက်ကုမ္ပဏီလီမိတက်၊ ဒေဝအုပ်စုဆောက်လုပ်ရေး ကုမ္ပဏီ၊ အထူးဒေသ(၆) ပတ္တမြားနဂါး ကုမ္ပဏီ၊ နောင်တုံကုမ္ပဏီတို့က အလှူတော်ငွေကျပ် သိန်းငါးဆယ်စီဖြင့် စုစုပေါင်း ကျပ်သိန်းနှစ်ရာကို စေတနာသဒ္ဓါ လင်းလက်စွာ လှူဒါန်းကြပါကုန်၏။

(ဃ)

နိုင်ငံတော်အစိုးရ၏ စေတနာအလင်း၊ ကောင်းမှုရှင်များ၏ သဒ္ဓါအလင်း၊ စေတီတော် ရုပ်ပွားတော်တို့၏ တေဇာအလင်းများက လွိုင်လင်ခရိုင် ဖွံ့ဖြိုးရေးဒေသကြီး တစ်ခုလုံးကို ဤသို့ ဆော်သြနေပါကုန်၏။

“လင်းလော့လွိုင်လင် လွိုင်လင်လင်းလော့”။ ။

✡ **ရှေ့ဖုံးမှ**

ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်မှူးချုပ်ဥာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ (၅၉) နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီတို့မှတပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် တပ်မတော်နေ့ကျင်းပရေးလုပ်ငန်းကော်မတီ ဆပ်

(၅၉)နှစ်မြောက် တပ်မတော်နေ့ လှူဆော်ရေးအစီအစဉ်များကို နေ့စဉ်ထုတ်သတင်းစာများနှင့် ရုပ်မြင်သံကြားအစီအစဉ်များတွင် နေ့စဉ်ဝေဝေဆာဆာဖော်ပြထုတ်လွှင့်နေသည်ကို တွေ့ရှိရကြောင်း၊ ကော်မတီများအနေဖြင့်လည်း ကဏ္ဍအလိုက်အရှိန်အဟုန်မပျက်ဆက်လက်ဆောင်ရွက်ကြရန်နှင့် ယခုအစည်းအဝေးတွင် လုပ်ငန်းဆောင်ရွက်မှုများနှင့် လိုအပ်ချက်များကိုတင်ပြကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုးက (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ကော်မတီများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက်ပေးအပ်သည့် တာဝန်များကို အားသွန်ခွန်စိုက်ဆောင်ရွက်နေသည်ကို တွေ့ရှိရသဖြင့်များစွာဝမ်းမြောက်ပါကြောင်း၊ စေတနာအရင်းခံဖြင့် ကြိုးပမ်းဆောင်ရွက်ပါက ယခင်နှစ်များကထက် ပိုမိုကောင်းမွန်အောင်မြင်မည်ဖြစ်ကြောင်း။

စစ်ရေးပြကွင်းများ ပြင်ဆင်ဆောင်ရွက်မှု၊ စစ်ရေးပြစစ်ကြောင်းကြီးများအတွက် နေရာထိုင်ခင်းများပြင်ဆင်ဆောင်ရွက်မှုတို့ကို မကြာမီဆောင်ရွက်ရတော့မည်ဖြစ်ရာ လုပ်ငန်းများအဆင်ပြေချောမွေ့မှုရှိစေရေး စနစ်တကျဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ စီမံခန့်ခွဲရေးကော်မတီ၏ (၅၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များပါဝင်၍ စစ်ရေးပြချီတက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးနှင့်စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များကိုအကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေ ၅နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်

(က) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင် စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဒီဇင်ဘာ ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်တောင်ပိုင်းဒေသ ချုံချင့်ပြည်နယ်တွင် သဘာဝဓာတ်ငွေ့လုပ်ငန်းခွင်၌ ပေါက်ကွဲမှုကြောင့် အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လီကျောက်ရှင်းထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

☼ ***ကျောဖုံးမှ***

ခွာဒိုပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဝမ်လျန်းထန်က ခွာဒိုပွဲတော်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ခွာဒိုပွဲသည် နှစ်စဉ်နှစ်တိုင်း အောက်တိုဘာလတွင် ကျင်းပလေ့ရှိကြောင်း၊ တစ်နည်းဆိုရလျှင် နှစ်သစ်ကူးပွဲပင်ဖြစ်ကြောင်း ရှင်းပြသည်။

ခွာဒိုပွဲကျင်းပသော အစီအစဉ်များတွင် ပျားအုံယူပွဲလည်းပါဝင်ကြောင်း၊ ရွာရှိ ချင်းလူပျိုလူရွယ်များသည် တောတွင်းသို့ဝင်လျက် ပျားအုံရှာဖွေကြရကြောင်း၊ ပျားအုံရရှိ သော အခါ ရွာသို့ အိုးစည်ဗုံမောင်းတီး၍ တပျော်တပါး မြိုင်မြိုင်ဆိုင်ဆိုင် ဝင်လာကြကြောင်း၊ ပျားအုံ သယ်ဆောင်လာသော လူပျိုလူရွယ်များကို ရွာရှိ အပျိုအရွယ်များက ရွာအဝင်ရှိ မှာလ်ခေါ်ရွာ၏ အဝင်ရှိ ကျောက်စာတိုင်နားနေ စခန်းမှ ခေါင်ရည်ဖြင့် ကြိုဆိုတိုက်ကျွေးကြကြောင်း ရှင်းပြသည်။

ခွာဒိုပွဲသည် တစ်ရွာလုံးနှင့်သက်ဆိုင်သော ရွာလုံးကျွတ်ပွဲဖြစ်၍ ပွဲကျင်းပနိုင်အောင် ရွာသူရွာသားများ စုပေါင်း တာဝန်ယူကြရသည်။ ရွာရှိအိမ်ထောင်စုတိုင်းသည် ပွဲအတွက် ဆပ်ဆန်၊ အောင်လောက်၊ ခေါင်ရည်၊ ကြက်၊ ဝက်၊ကျွဲ၊နွား၊ နွားနောက်များကို စုပေါင်းရှာဖွေ ပေးလေ့ရှိသည်။

ညှော့ဝတ်ပြု

ပွဲကျင်းပသည့်ရွာရှိ အမျိုးသမီးများသည် ချက်ပြုတ်ခြင်း၊ ညှော့ဝတ်ပြုခြင်းကို တာဝန်ယူကြရသည်။ ယောကျ်ားပျိုများက မဏ္ဍပ်ဆောက်ခြင်း၊ အတီးအမှုတ်တူရိယာပိုင်း၌ တာဝန်ယူခြင်းစသည်တို့ကို ပြုလုပ်ကြရသည်။ ခွာဒိုပွဲတွင်ပျော်ပွဲရွှင်ပွဲနှင့် ကခုန်တီးမှုတ်ပွဲများလည်းပါဝင်သည်။

ဆက်လက်၍ ဦးဝမ်လျန်းထန်က ဆက်လက်ပြောကြားရာတွင် ခွာဒိုပွဲသည်လူမှုရေးသဘော ဆောင်သော်လည်း အရင်းခံမူလမှာ ဘာသာရေးပွဲပင်ဖြစ်ကြောင်း၊ တောင်ယာသီးနှံအထွက်ကောင်းရန်၊ မိုးလေဝသမှန်ကန်ကောင်းမွန်ရန် ဆုယူဆုတောင်းခြင်းပြုလုပ်ကြောင်း၊ ခွာဒိုပွဲတွင် စိတ်ပါလက်ပါပျော်ရွှင်ကပြသူတိုင်းသည် တစ်နှစ်တာပတ်လုံး ပျော်ရွှင်လိမ့်မည်ဟု ချင်းအမျိုးသားတို့အယူရှိကြပြီး ပွဲအတွက် စေတနာ၊ သဒ္ဓါတရားထက်သန်စွာဖြင့်ထင်း၊ ခေါင်ရည်၊ အမဲသား၊ ငါးများ ပေးပို့ကူညီလျှင် တစ်နှစ်တာပတ်လုံး စီးပွားရေးကောင်းမွန်မည်ဟု အယူရှိကြကြောင်း ရှင်းလင်းပြောကြားသည်။

အမြတ်တနိုး

ခွာဒိုပွဲသည် ချင်းရိုးရာပွဲတော်ဖြစ်ပြီး ချင်းလူမျိုးများ၏ အမြတ်တနိုးတန်ဖိုးထားသော ပွဲဖြစ်ကြောင်းလည်းဆက်လက်ရှင်းပြသည်။

တွေ့ဆုံမေးမြန်းအပြီးတွင်အခမ်းအနားစတင်တော့သည်။ အခမ်းအနားတွင် ဆုတောင်းဆက်ကပ်ခြင်း၊ စုပေါင်းသီချင်းသီဆိုခြင်း၊ ခွာဒိုအက၊ ပျိုးကြဲချိန်မှ ကောက်ရိတ်ချိန်အထိလည်းကောင်း၊ အိမ်ထောင်မိသားစု၏ဘဝသရုပ်ဖော်အကများ၊ ကောင်းချီးတောင်းခံခြင်းနှင့်ဆုတောင်းခြင်းများ အပြင် ကပွဲ၊ သီဆိုပွဲများဖြင့် စီစဉ်တင်ဆက်ရာ လာရောက်အားပေးကြည့်ရှုကြသော တိုင်းရင်းသားပြည်သူများဖြင့် စည်ကားလျက်သည်။

အစီအစဉ်

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာတွင် တိုင်းရင်းသားအစားအစာအရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ တိုင်းရင်းသားရိုးရာအဆောက်အအုံများ မွမ်းမံခြင်း၊ ရတနာတန်းဝင်သစ်ပင်များ တစ်အုပ်တစ်မ စိုက်ပျိုးခြင်း၊ လက်ရှိလမုတောကို ထိန်းသိမ်းခြင်း၊ ငှက်လှောင်အိမ်အတွင်း သစ်ပင်များစိုက်ပျိုးခြင်းနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲများ ကျင်းပသွားမည့် အစီအစဉ်များကိုလည်း သိရှိခဲ့ရပေသည်။

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာတွင် ကချင်ရွာ၊ ကယားရွာ၊ ကရင်ရွာ၊ ချင်းရွာ၊ ဗမာရွာ၊ မွန်ရွာ၊ ရခိုင်ရွာ နှင့်ရှမ်းရွာများဆီ အရောက်သွားရင်း တိုင်းရင်းသားရိုးရာအိမ်များပေါ်တွင် သွေးချင်းများ၏ ဂုဏ်ယူဖွယ်ရာ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေ့လာနိုင်ပေသည်။

ထို့ပြင် ကချင်ပြည်နယ်က ခါကာဘိုရာဇီရေခဲတောင်၊ ကယားပြည်နယ်က တောင်ကွဲစေတီ၊ ကရင်ပြည်နယ်က ဇွဲကပင်တောင်၊ ချင်းပြည်နယ်က ရိဒ်ရေကန်၊ မွန်ပြည်နယ်က ကျိုက်ထီးရိုးဘုရား၊ ရခိုင်ပြည်နယ်က ထုက္ကန့်သိမ်နှင့် ရှမ်းပြည်နယ်က အင်းလေးကန်များကို အပျော်စီးကားများစီးရင်းလည်ပတ်နိုင်ပေသည်။

ဖွင့်လှစ်ထား

နန်းမြင့်မျှော်စင်ပေါ်မှ လှပသည့် ပဲခူးမြစ်ရှုခင်း၊ ရန်ကုန်မြို့တော်၏ ဆန်းသစ်သည့် အပေါ်စီးမြင်ကွင်းများကိုလည်း ကြည့်ရှုလေ့လာခံစားနိုင်ရန်ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို ပိတ်ရက်မရှိ နံနက် ၇နာရီမှ ညနေ ၆နာရီအထိ ဖွင့်လှစ်ထားပါကြောင်း သတင်းကောင်းပါး အပ်ပါသည်။ ။ **(မြန်မာ့အလင်း)**

ရေထုပမာ ဖြစ်လာပါလျှင်

✻ မိုးရေတစ်ပေါက်၊ မဖြစ်လောက်လည်း
မိုးပေါက်များစွာ၊ ပေါင်းမိပါသော်
ပေါ်ပေါ်ထင်ထင်၊ ရေပြင်အင်းအိုင်
ဆိုင်ဆိုင်ချောင်းမြစ်၊ ဖြစ်၍ပေါ်လာ
သမုဒ္ဒရာပင်လယ်၊ ပြောကျယ်ရေထု
ပေါင်းအစုကို၊ ကြည့်ရှုမျက်မြင်
အထင်ကရ၊ တွေ့နိုင်ကြ၏။

✻ ထိုရေသားထု၊ ပေါင်းစုကာနေ
အင်းအိုင်တွေနှင့်၊ ချောင်းတွေမြစ်တွေ
ပင်လယ်တွေကား၊ လူသားတွေတွက်
အသက်ရှင်စေ၊ သောက်သုံးရေနှင့်
လူနေကိစ္စ
လှပပြည့်စုံ၊ ကုံလုံစေမှု
လူမှုလူရေး၊ စီးပွားရေးတွက်
အဘက်ဘက်က၊ ကျိုးပြုကြ၏။

✻ မိုးပေါက်တွေစု၊ ရေသားထုသည်
ယခုလောက်ပင်၊ လူ့ရပ်ခွင်အား
ကျိုးပြုငြားက
လူသားတွေစု၊ လူသားထုသာ
ရေပမာလျှင်၊ ခိုင်မာကြည်လင်
စည်းလုံးလျှင်ကား၊ ထိုလူသားထု
ပေါင်းစုနေရာ၊ ထိုပြည်ရွာ၏
သာယာအေးချမ်း၊ တိုးတက်လမ်းသည်
ဖြောင့်တန်းအစဉ် ရှိလိမ့်တည်း။ ။

ဗိုးဝ

နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးထံဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဒီဇင်ဘာ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအသစ်အဖြစ် ခန့်အပ်ခြင်းခံရသော မစ္စစ်ဒယ်လီယာဒိုမင်ဂိုအယ်လ်ဘတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

❀ ကျောဖုံးမှ

မသန်စွမ်းအားကစားအဖွဲ့သည် ယနေ့အထိ နိုင်ငံတကာပြိုင်ပွဲပေါင်း ကိုးကြိမ်တွင် မသန်စွမ်းအားကစားသမား ၁၈၂ ဦးစေလွှတ်ခဲ့ပြီး ရွှေတံဆိပ် ၁၄၉ ခု၊ ငွေတံဆိပ် ၁၁၅ ခု၊ ကြေးတံဆိပ် ၇၉ ခု စုစုပေါင်းဆုတံဆိပ် ၃၄၃ ခုနှင့် အထူးဆုတစ်ဆုရရှိခဲ့ပြီး လူကောင်းအားကစားသမားများနှင့်မခြားနိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့သည်။

၁၉၉၄ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် အရှေ့ဖျားနှင့်တောင်ပစိဖိတ်နိုင်ငံများ မသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့က သေနတ်ပစ်ပြိုင်ပွဲ၌ ဒုတိယဆုရရှိခဲ့ပြီး မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ၂၀၀၁ ခုနှစ်က ကျင်းပခဲ့သော ပထမအကြိမ် အာဆီယံနိုင်ငံများ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာအဖွဲ့က ရွှေတံဆိပ် ၄၀၊ ငွေ ၂၄ ခု၊ ကြေး ၁၄ ခု စုစုပေါင်းဆုတံဆိပ် ၇၈ ခုရရှိခဲ့သည်။

ယခု ၂၀၀၃ ခုနှစ် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ဒီဇင်ဘာ ၁၈ ရက်မှ ၂၈ ရက်အထိ ကျင်းပသည့် ဒုတိယအကြိမ် အာဆီယံနိုင်ငံများ မသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ မြန်မာမသန်စွမ်းအားကစားအဖွဲ့ ၄၁ ဦးက အားကစားနည်းလေးမျိုးတွင် ပါဝင်ယှဉ်ပြိုင်ရာ ဒီဇင်ဘာ ၂၅ ရက် အထိ ရွှေတံဆိပ် ၁၇ခု၊ ငွေတံဆိပ် ၁၀ခုနှင့် ကြေးတံဆိပ် ခုနစ်ခု စုစုပေါင်း ဆုတံဆိပ် ၃၄ ခုရရှိနေပြီး ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။

ရွှေ(၁၇)ခုရရှိ

မြန်မာမသန်စွမ်း အားကစားအဖွဲ့ ရရှိသည့် ရွှေတံဆိပ် ၁၇ ခုမှာ ဒူးအထက်တစ်ဖက်ပြတ် အမျိုးသား မီတာ (၁၀၀)အပြေးပြိုင်ပွဲ တွင် ကျော်ခိုင်(ကာကွယ်ရေး)၊ ဒူးအထက်တစ်ဖက်ပြတ် အမျိုးသား အလျားခုန်ပြိုင်ပွဲတွင် ကျော်ခိုင်(ကာကွယ်ရေး)၊ ဒူးအထက်တစ်ဖက်ပြတ် အမျိုးသမီး မီတာ (၁၀၀)အပြေးပြိုင်ပွဲ တွင် တင်တင်ခိုင် (မြို့တော်စည်ပင်)၊ ဒူးအထက်တစ်ဖက်ပြတ်အမျိုးသမီးလုံးပစ်ပြိုင်ပွဲ တွင် တင်တင်ခိုင် (မြို့တော်စည်ပင်)၊ ဒူးအောက်တစ်ဖက်ပြတ် အမျိုးသမီးလုံးပစ်ပြိုင်ပွဲ တွင် နန်းမစိန်(မြို့တော်စည်ပင်)၊ပိုလီယိုအကြောသေအဆင့်(၇)အမျိုးသား မီတာ(၂၀၀) ရင်ပေါင်တန်းရေကူးပြိုင်ပွဲတွင်ဝင်းဆန်းအောင်(လယ်/ဆည်)၊ ဒူးအောက်နှစ်ဖက်ပြတ် အမျိုးသားမီတာ (၂၀၀) ရင်ပေါင်တန်းရေကူးပြိုင်ပွဲ တွင် မြခိုင် (လူမှုဝန်ထမ်း)၊ အောက်ပိုင်း အကြောသေအမျိုးသားမီတာ(၁၀၀) ပက်လက်ရေကူးပြိုင်ပွဲတွင် နိုင်စစ်အောင်(စီးပွား/ကူးသန်း)၊ပိုလီယိုအကြောသေအဆင့် (၇) အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် ဝင်းနိုင်(လယ်/ဆည်)၊ ပိုလီယိုအကြောသေအဆင့်(၅) အမျိုးသမီး လုံးပစ်ပြိုင်ပွဲ တွင် ညွန့်ညွန့်ဝင်း (လူမှုဝန်ထမ်း)၊ဒူးအောက် နှစ်ဖက်ပြတ် အမျိုးသားမီတာ(၅၀) ရင်ပေါင်တန်းရေကူးပြိုင်ပွဲ တွင် မြခိုင်(လူမှုဝန်ထမ်း)၊ ဒူးအထက် တစ်ဖက်ပြတ် အမျိုးသား မီတာ(၂၀၀)အပြေးပြိုင်ပွဲတွင် ကျော်ခိုင် (ကာကွယ်ရေး)၊ ဒူးအထက် တစ်ဖက်ပြတ် အမျိုးသားသံလုံးပစ်ပြိုင်ပွဲ တွင် သန်းလှိုင် (ကာကွယ်ရေး)၊ ဒူးအထက်တစ်ဖက်ပြတ် အမျိုးသမီး သံလုံးပစ် ပြိုင်ပွဲ တွင် တင်တင်ခိုင် (မြို့တော်စည်ပင်)၊ ဒူးအောက်တစ်ဖက်ပြတ် အမျိုးသား သံလုံးပစ်ပြိုင်ပွဲ တွင် ဝင်းမြင့် (ဘဏ္ဍာ/အခွန်)၊ ဒူးအောက် တစ်ဖက်ပြတ် အမျိုးသမီးအလျားခုန်ပြိုင်ပွဲတွင် စန်းစန်းလှ (မြို့တော်စည်ပင်)နှင့် ပိုလီယိုအကြောသေအဆင့်(၄) အမျိုးသား သံလုံးပစ်ပြိုင်ပွဲ တွင် အင်န်အောင်ခွန်(စီးပွား/ကူးသန်း)တို့က ဆွတ်ခူးရရှိကြသည်။

ငွေဆယ်ခုရရှိ

ငွေတံဆိပ် ၁၀ ခုမှာ ဒူး အထက် တစ်ဖက်ပြတ် အမျိုးသားအလျားခုန်ပြိုင်ပွဲတွင် မင်းလွင်(ကာကွယ်ရေး)၊ ဒူးအထက်တစ်ဖက်ပြတ် အမျိုးသား အလျားခုန်ပြိုင်ပွဲတွင် ဇော်မိုးအောင် (ကာကွယ်ရေး)၊ ဒူးအောက် တစ်ဖက်ပြတ် အမျိုးသမီးမီတာ(၁၀၀) အပြေးပြိုင်ပွဲတွင် စန်းစန်းလှ (မြို့တော်စည်ပင်)၊ လက်တစ်ဖက်ပြတ် အမျိုးသားသံလုံးပစ်ပြိုင်ပွဲတွင် မြင့်ဇော် (စီးပွား/ကူးသန်း)၊ မျက်မမြင် အမျိုးသား မီတာ(၁၀၀)အပြေးပြိုင်ပွဲ တွင် အောင်လွင်ဦး(လူမှုဝန်ထမ်း)၊ ဒူးအောက်တစ်ဖက်ပြတ်အမျိုးသား လုံးပစ်ပြိုင်ပွဲတွင်သန်းစိုးဦး(ကာကွယ်ရေး)၊ ဒူးအထက်တစ်ဖက်ပြတ် အမျိုးသား မီတာ(၂၀၀)အပြေးပြိုင်ပွဲ တွင် မင်းလွင်(ကာကွယ်ရေး)၊ ဒူးအထက် တစ်ဖက်ပြတ်အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် ဇော်မိုးအောင် (ကာကွယ်ရေး)၊ ဒူးအောက်တစ်ဖက်ပြတ် အမျိုးသမီးအလျားခုန်ပြိုင်ပွဲ တွင် နန်းမစိန်(မြို့တော်စည်ပင်)နှင့် မျက်မမြင် အမျိုးသမီးမီတာ(၂၀၀) အပြေး ပြိုင်ပွဲတွင် နော်ဖောရေထူး(လူမှုဝန်ထမ်း)တို့ကရရှိကြသည်။

ကြေးခုနစ်ခုရရှိ

ကြေးတံဆိပ်ခုနစ်ခုမှာ ဒူးအထက်တစ်ဖက်ပြတ် အမျိုးသားလုံးပစ်ပြိုင်ပွဲတွင် သန်းလှိုင်(ကာကွယ်ရေး)၊ လက်တစ်ဖက်ပြတ် အမျိုးသားမီတာ (၂၀၀) ရင်ပေါင်တန်းရေကူးပြိုင်ပွဲတွင် တင်ထွေး(လယ်/ဆည်)၊ အောက်ပိုင်း အကြောသေအမျိုးသားမီတာ(၅၀) ပက်လက်ရေကူးပြိုင်ပွဲတွင် ဝဏ္ဏ (လယ်/ဆည်)၊ ဒူးအောက်တစ်ဖက်ပြတ် အမျိုးသမီးသံလုံးပစ်ပြိုင်ပွဲ တွင် စန်းစန်းလှ(မြို့တော်စည်ပင်)၊ ပိုလီယို အကြောသေ အဆင့်(၈)အမျိုးသား မီတာ (၅၀) ရင်ပေါင်တန်းရေကူးပြိုင်ပွဲ တွင် ဝင်းဆန်းအောင်(လယ်/ဆည်)၊ လက်တစ်ဖက်ပြတ် အမျိုးသားမီတာ (၅၀) ရင်ပေါင်တန်းရေကူးပြိုင်ပွဲ တွင် တင်ထွေး(လယ်/ဆည်)၊ ဒူးအောက် တစ်ဖက်ပြတ် အမျိုးသားစားပွဲတင် တင်းနစ်ပြိုင်ပွဲ တွင် အသင်းလိုက် တတိယဆု ဝင်းလွင် (လယ်/ဆည်) နှင့်တင်ထွန်း(စက်မှု-၁)တို့က ရရှိကြကြောင်း သိရသည်။

မြန်မာမသန်စွမ်းအားကစားသမားများသည်ဒုတိယအကြိမ်အာဆီယံနိုင်ငံများ မသန်စွမ်းသူများအားကစားပြိုင်ပွဲ၌ ရေကူး၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်နှင့် ကြက်တောင်ရိုက်အားကစားနည်း လေးမျိုး၌ ယှဉ်ပြိုင်လျက်ရှိကြရာ နိုင်ငံတော်အတွက် ဆုတံဆိပ်များထပ်မံချိတ်နိုင်ပေဦးမည်ဖြစ်သည်။

အားကစားသမားများမှာ ကာကွယ်ရေး၊ မြို့တော်စည်ပင်၊ စီးပွား/ကူးသန်း၊ လူမှုဝန်ထမ်းနှင့် လယ်/ဆည် စသည့် ဝန်ကြီးဌာနများကို ကိုယ်စားပြုယှဉ်ပြိုင်ကြပြီး အားကစားသမားတစ်ဦးလျှင် အားကစားနည်းအနည်းဆုံး နှစ်မျိုးမှ သုံးမျိုးအထိ ဖွဲ့မာန်ပြည့်ဖြင့် ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိကြသည်။ မသန်သော်လည်း စွမ်းကြသည့် နိုင်ငံ့ဂုဏ်ဆောင်မသန်စွမ်း အားကစားသမားများဆက်လက်အောင်ပန်းဆင်နိုင်ပါစေကြောင်း မြန်မာ့အလင်းက ဆုတောင်းရင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

စာမျက်နှာ ၇ မှ

ယခုကဲ့သို့ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှု၊ ကူညီအားပေးမှုနှင့်ပုဂ္ဂလ စက်မှုလုပ်ငန်းရှင်များ၏ ညီညီညွတ်ညွတ် ပူးပေါင်းအားထုတ်ကြိုးပမ်းမှုကိုစနစ်တကျပေါင်းစည်းဆောင်ရွက်နိုင်မှသာ ပုဂ္ဂလိကစက်မှု လက်မှုကဏ္ဍလည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းကဏ္ဍ၊ သမဝါယမပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင် စက်မှုလက်မှုလုပ်ငန်းများပေါင်းစည်းဆောင်ရွက်သွားနိုင်မှသာ ခေတ်မီဖွံ့ဖြိုး တိုးတက်သော စက်မှုနိုင်ငံတော်ကြီး ဖြစ်လာမှာ ဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်းအကြီးစား၊ အလတ်စား၊ အသေးစား စက်မှုလုပ်ငန်းများလည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

စက်မှုလုပ်ငန်းရှင်များဘက်ကလည်းနိုင်ငံတော်အစိုးရကအထူး အလေးထား အားပေးပံ့ပိုးဆောင်ရွက်ပေးနေသည့် အခြေအနေ အချိန်အခါကောင်းတွင် တီထွင်ကြံဆမှု၊ ဝီရိယစိုက်ထုတ်မှု၊ နိုင်ငံတော်အပေါ် စေတနာထားရှိမှုတို့ဖြင့် မိမိတို့၏ စက်မှုလုပ်ငန်းများ တိုးတက်အောင် မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုး တက်ရေးကော်မတီ ဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့်မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်တို့က စက်မှု လက်မှုလုပ်ငန်းရှင်များအတွက်လေ့လာရေးနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ရန် စီမံထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စက်ရုံ၊ အလုပ်ရုံများလေ့လာရေးနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဝင်း၊စက်ရုံအလုပ်ရုံများလှည့်လည်ပြသ ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြုလုပ် ရေးဆပ်ကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာချမ်းငြိမ်းတို့က လေ့လာရေးအစီအစဉ်များ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရေးအစီအစဉ်များကို ကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်ကြသောစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဒုတိယဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးစုံညီပွဲတော်
(၂၇၊၁၂၊၂၀၀၃ မှ ၃၊၁၊၂၀၀၄)

SCHOOL FAMILY DAY
(27/12/2003 to 3/1/2004)

ရွှေပြည်ဟိန်းဆရာတော် နှစ်သစ်ဓမ္မခရီး

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်မြို့ ရန်ကင်း ရွှေပြည်ဟိန်းကျောင်းဆရာတော် ပိဋကတစ်ပုံခွဲဆောင်အရှင်ခေမာသိရီလင်္ကာရသည် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁ရက်တွင်ဆီဆွဲရွာ မိတ္ထီလာ၌လည်းကောင်း၊ ၃ ရက်ည မင်္ဂလာတောင်ညွန့်ဖို့မြေဓမ္မာရုံ၊ ၄၊ ၅ရက်တွင် မြန်အောင်မြို့ ဝဲပုံကျောင်း၊ ၆ရက်တွင် တာမွေ ဓမ္မစိန္တာလမ်း၊ ၇ရက်တွင် မုံရွာမြို့ ဆုတောင်းပြည့်၊ ၈ရက်တွင် ကြည့်မြင်တိုင်၊ ၉၊ ၁၀ရက်တွင် ရွှေပြည်သာ၊ ၁၁ရက်တွင် သာကေတ သုမနဓမ္မာရုံ၊ ၁၂ရက်တွင် မြောက်ဥက္ကလာ၊ ၁၃ရက်တွင် မင်္ဂလာဒုံ ၂/က၊ ၁၄ရက်တွင် မ/ဒဂုံသစ်တော၊ ၁၅၊၁၆ရက်တွင် ဖျာပုံ၊ ၁၇ရက်တွင် တောင်ဒဂုံ(၁၈)ရပ်ကွက်ဓမ္မပူဇာ၊ ၁၈ရက်တွင် ဘုရားဖြူ စာပြန်ပွဲ၊ ၁၉-၂၀၊ ၂၁၊၂၂ရက်များ တွင် ဖြူး၊ဇေယျဝတီစသည်တို့၌ ဓမ္မခရီး ကြွရောက်မည်ဖြစ်ပြီး ဧပြီလအထိ အသေးစိတ်ထုတ်ပြန်ထားသော ခရီးစဉ်များကို ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၇-၁၂-၂၀၀၃ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ စားကြမယ်ဟော့ကောင်းကောင်း
- ၈:၀၅ ၆။ အရေးပြိုင်ပွဲ
- ၈:၁၅ ၇။ ဒါးကတံတား(ဇရာဝတီတိုင်း)
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammar Made Easy
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၃:၄၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ "နက်ရှိုင်းမေတ္တာ"(အပိုင်း-၁)
- ၁၄:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၂၅ ၈။ **"စမ်းချောင်းထဲကရေ နေရောင်အောက်ကမီး"** (ခန့်စည်သူ၊ပြေတီဦး၊ခိုင်နှင်းဝေ၊ မြင့်မြင့်ခိုင်၊ခင်သန်းနွယ်) (ဒါရိုက်တာ-သက်တင်)
- ၁၄:၄၅ ၉။ International News
- ၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English For Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (မြန်မာစာ)
- ၁၇:၁၅ ၆။ အကပဒေသာ
- ၁၇:၃၀ ၇။ "သစ်ကောင်းတစ်ပင်" (နဒီစိုး၊ပြည့်စုံရှင်၊ကျော်မျိုးဟိန်း၊ မိုးယံထက်၊ရန်ပိုင်စိုး၊မောင်ဂဠုန်) ဒါရိုက်တာ-မိုးထက်လူ(သစ်တော)
- ၁၇:၄၀ ၈။ တေးဂီတအစီအစဉ်
- ၁၇:၅၀ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၈:၁၅ ၁၀။ စားကြမယ်ဟော့ကောင်းကောင်း
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ Discovery
- ၁၉:၂၀ ၁၄။ စတုတ္ထအကြိမ် တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲ(အပိုင်း-၅)
- ၁၉:၃၀ ၁၅။ တေးဂီတအစီအစဉ်
- ၁၉:၄၀ ၁၆။ အချုပ်အခြာအာဏာခွန့်ရှည်ကြာခိုင်မာစေမှုဒို့ရေးရှု "လယ်ယာစီးပွားစွမ်းအားမြင့်ရန် ဆည်တမံ" (အပိုင်း-၁)
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **"ဓား"** (အပိုင်း-၂) (ကျော်သူ၊ နေထက်လင်း၊ မေသန်းနု) (ဒါရိုက်တာ-ခင်စောမျိုး)
- ၂၂။ အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၂၇-၁၂-၂၀၀၃ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ဆရာတော် ဦးဃောသိတ တရားတော် "တေဝိဇ္ဇာသုတ်"
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၄၀ ၇။ မြန်မာသံစဉ်ချိုနှာဝင်
- ၄:၅၀ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(အရှေ့တိုင်းပညာ) (ခ)ပထမနှစ်(ဘောဂဗေဒ)
- ၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သီရိဂေဟာ"** (အပိုင်း-၂၀)**ဇာတ်သိမ်းပိုင်း**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းညီနောင်"**အပိုင်း(၃၆)
- ၂၃။ ပြီးပါပြီ။

ဒီဇင်ဘာ၂၄ ရက်က စတုတ္ထအကြိမ် မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ဦးသာရင်ဆေးတိုက် တိုင်းရင်းဆေးပြခန်း၌ ပြည်သူများ စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ဒေါက်တာတင်ရွှေ(မုဒ္ဒ)၏ ထိုင်းဒူးရင်းလက်တွေ့စိုက်ပျိုးရေး၊ အောင် (ဆေး-၁)၏ စီပိုး အန္တရာယ်နှင့် Biln 2016 အပါ အဝင်သတင်းဆောင်းပါး၊ကာတွန်း စုံလင်စွာဖြင့်အမှတ်(၁၃၁)၂၈လမ်း (အလယ်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၀၇၁၈၃က ထုတ်ဝေသော ဈေးကွက်ဂျာနယ် အမှတ်(၃၅၀)မျက်နှာဖုံး။(က-ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်

ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ဧရာဝတီမြစ်ကူးတံတားကြီး ခုနစ်စင်း

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်တွင် ၂၀၀၃ခုနှစ် မတ် ၂၃ ရက်က ဖွင့်လှစ်ခဲ့သည့် အရှည် ၄၀၈၈ ပေရှိ ဒေးဒရဲတံတားကို တွေ့ရစဉ်။

ပဲခူးတိုင်း ပြည်မြို့နယ်တွင် ၁၉၉၇ ခုနှစ် စက်တင်ဘာ ၁၈ ရက်က ဖွင့်လှစ်ပေးခဲ့သည့် အရှည် ၄၁၈၃ ပေရှိ နဝဒေးတံတား။

မကွေးတိုင်း မကွေးမြို့နယ်တွင် ၂၀၀၂ခုနှစ် နိုဝင်ဘာ ၂၄ ရက်က ဖွင့်လှစ်ခဲ့သည့် အရှည်ပေ ၈၉၈၉ ပေရှိ ဧရာဝတီတံတား(မကွေး)ကို တွေ့ရစဉ်။

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို

ဆောက်လုပ်ရေးဝန်ကြီးဌာနက နိုင်ငံတစ်ဝန်း ပေ ၁၈၀ နှင့် အထက် တံတား စုစုပေါင်း ၁၆၅ စင်း တည်ဆောက်ခဲ့သည့်အနက် မြန်မာပြည်၏ ပင်မအသက်သွေးကြောကြီးဖြစ်သော ဧရာဝတီမြစ်ကြီးကို ဖြတ်ကျော်တည်ဆောက်ဖွင့်လှစ်ခဲ့သည့် တံတားကြီး ခုနစ်စင်းလည်း အပါအဝင်ဖြစ်သည်။ ယခင်က ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတားကြီးတစ်စင်းသာရှိခဲ့သော်လည်း ယခုအခါ ကချင်ပြည်နယ်တွင် ဗလမင်းထင်တံတား၊ မကွေးတိုင်းတွင် အနော်ရထာတံတား၊ ဧရာဝတီတံတား(မကွေး)၊ ပဲခူးတိုင်းတွင် နဝဒေးတံတား၊ ဧရာဝတီတိုင်းတွင် ဗိုလ်မြတ်ထွန်းတံတား၊ မအူပင်တံတားနှင့် ဒေးဒရဲတံတားတို့ကို နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ ဧရာဝတီ မြစ်ကူးတံတား(ရတနာပုံ)ကို တည်ဆောက်လျက်ရှိသည်။

စဉ်	အမည်	နေရာ	အရှည်	ကုန်ကျငွေ	ဖွင့်လှစ်ခဲ့သည့်နေ့
၁။	နဝဒေး တံတား	ပဲခူးတိုင်း ပြည်မြို့	၄၁၈၃ ပေ	ကျပ် ၈၃၃၁.၇ သိန်း နိုင်ငံခြားငွေ ၈.၆၈၅ သန်း	၁၈–၉–၁၉၉၇
၂။	ဗလမင်းထင် တံတား	ကချင်ပြည်နယ် မြစ်ကြီးနားမြို့	၂၆၈၈ ပေ	ကျပ် ၁၀၇၇၃ သိန်း နိုင်ငံခြားငွေ ၅.၉ သန်း	၁၄–၁၁–၁၉၉၈
၃။	ဗိုလ်မြတ်ထွန်း တံတား	ဧရာဝတီတိုင်း ညောင်တုန်းမြို့	၈၅၄၄ ပေ	ကျပ် ၅၅၆၅၄၅ သိန်း နိုင်ငံခြားငွေ ၈.၆ သန်း	၁၅–၁၁–၁၉၉၉
၄။	အနော်ရထာ တံတား	မကွေးတိုင်း ချောက်မြို့	၅၁၉၂ ပေ	ကျပ် ၃၂၈၄၀ သိန်း နိုင်ငံခြားငွေ ၅.၀၅ သန်း	၄–၄–၂၀၀၁
၅။	မအူပင် တံတား	ဧရာဝတီတိုင်း မအူပင်မြို့	၂၃၆၂ ပေ	ကျပ် ၆၈၀၀ သိန်း နိုင်ငံခြားငွေ ၂.၂၁ သန်း	၁၀–၂–၂၀၀၂
၆။	ဧရာဝတီ တံတား (မကွေး)	မကွေးတိုင်း မကွေးမြို့	၈၉၈၉ ပေ	ကျပ် ၇၉၅၁၀ သိန်း နိုင်ငံခြားငွေ ၈.၅၈ သန်း	၂၄–၁၁–၂၀၀၂
၇။	ဒေးဒရဲ တံတား	ဧရာဝတီတိုင်း ဒေးဒရဲမြို့	၄၀၈၈ ပေ	ကျပ် ၃၅၅၀၀ သိန်း နိုင်ငံခြားငွေ ၁.၆ သန်း	၂၃–၃–၂၀၀၃



အနော်ရထာတံတား

မကွေးတိုင်း ချောက်မြို့နယ်တွင် ၂၀၀၁ ခုနှစ် ဧပြီ ၄ ရက်က ဖွင့်လှစ်ခဲ့သည့် အရှည်၅၁၉၂ပေရှိအနော်ရထာတံတားကို တွေ့ရစဉ်။

နိဗ္ဗာန်ရောက်ကြောင်း တရားချီးမြှင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက (ဓမ္မကထိကဗဟုဇနဟိတဓရ) ဘဒ္ဒန္တစန္ဒသူရိယအောင်စကြာ ဆရာတော်သည် ဇန်နဝါရီ၁ရက် ညတွင် သဃ်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေး ရပ်ကွက် (မြောက်ပိုင်း) တပင်ရွှေထီးလမ်းတွင်လည်းကောင်း၊ ၂ ရက် ညတွင် သဃ်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် သံသုမာလမ်းနှင့် ကမာကြည်လမ်းထောင့်တွင် လည်းကောင်း၊ (၄၊ ၅၊ ၆)ရက် ညများတွင် အင်းစိန်မြို့နယ် က/၆ လမ်းတွင် လည်းကောင်း၊၇ရက်ညတွင်ဖျာပုံမြို့ ထန်းပင်ကျောင်းတိုက် မဏိရတနာကျောင်းဆောင်တွင် လည်းကောင်း၊ ၈ ရက် ညတွင် ရွှေပြည်သာမြို့နယ် (၁၃) ရပ်ကွက် လ/မော်လမြိုင်လမ်းတွင် လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

မင်္ဂလာဗျူဟာအသင်းချုပ် သွေးလှူဒါန်းပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၆

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ် (၆၈)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ဒီဇင်ဘာ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ သွေးလှူလိုသူများသည် ဒီဇင်ဘာ ၂၇ ရက် နံနက် ၇နာရီတွင် အသင်းချုပ်သို့ ကိုယ်တိုင်လာရောက်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**

လသာမြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်အလှူတော်မင်္ဂလာပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဒသမအကြိမ် ရဟန်းခံ၊ရှင်ပြု၊ သီလရှင်ဝတ်အလှူ တော်မင်္ဂလာပွဲကို ဒီဇင်ဘာ၂၄ရက်က နံနက်၉နာရီတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ ရွှေမင်းဝံ သာသနာ့ရိပ်သာ၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေမင်းဝံသာသနာ့ရိပ်သာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဘနထံမှ ကျောင်းအုပ်ဆရာကြီး ဦးအုန်းမြင့်နှင့် ဆရာဆရာမများ၊ကျောင်းသား ကျောင်းသူများနှင့် မိဘများက ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသဇ္ဈာယ်တော်မူကြပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)**

ယင်းနောက်ရွှေမင်းဝံ သာသနာ့ရိပ်သာ ပဓာန နာယကဆရာတော်က အနုမောဒနာတရားချီးမြှင့်၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ချီးမြှောက်

အဆိုပါ အလှူတော်မင်္ဂလာတွင် ရဟန်းလောင်းတစ်ဦးအား ဥပသမ္ပဒကံဆောင်ရဟန်းဘောင်သို့ ချီးမြှောက်ပြီးကျောင်းသား၈၀အားရှင်သာမဏေအဖြစ်သို့လည်းကောင်း၊ ကျောင်းသူ ကိုးဦးအားသီလရှင် အဖြစ်သို့လည်းကောင်း ချီးမြှင့်ခဲ့သည်။ **(က-ပ)**

ဒီဇင်ဘာ ၂၂ရက်က မရမ်းကုန်း အလက(၂) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကိုစေတနာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဆွေက အဋ္ဌမတန်းမှ ငါးဘာသာဂုဏ်ထူးရှင် မစုစုလှိုင်(အမျိုးသမီးသင်တန်းကျောင်း)အား ဆုချီးမြှင့်စဉ်။ (က-ပ)

စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

ရန်ကုန် ဒီဇင်ဘာ ၂၆

နယ်မြေခံထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များနှင့် တာချီလိတ်မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၂ရက်တွင် သတင်းအရ တာချီလိတ်မြို့ မကာအိုခမ်းရပ်ကွက်အတွင်းရှိ ကာလော့ဈေးအတွင်း မသင်္ကာဖွယ်တွေ့ရှိရသူ အားဝ့ါအား ရှာဖွေရာ ၎င်းကိုင်ဆောင်ထားသော အင်္ကျီအိတ်ကပ်အတွင်းမှ ဒဗလျူဝိုင်စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ ဖမ်းဆီးရမိခဲ့ပြီး တာချီလိတ်မြို့ ဆန်ဆိုင်း(၁)ရပ်ကွက်နေ အိုက်စိမ်းထံမှ ဝယ်ယူခဲ့ကြောင်းပေါ်ပေါက်ခဲ့သည်။

ယင်းနေ့မှာပင် နယ်မြေခံထောက်လှမ်းရေးတပ်မှတပ်ဖွဲ့ဝင်များနှင့် တာချီလိတ်ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် အမှတ်(၂/၃၁)နေ အိုက်စိမ်း၏ နေအိမ်ကို စစ်ဆေးရှာဖွေရာ နေအိမ်အပေါ်ထပ် ရေစင်ဘေးမှ အဝါရောင်တိပ်ဖြင့်ပတ်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် တရားခံများအားတာချီလိတ်ရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်ရှင်လုပ်ငန်း

၂၀၀၂-ခုနှစ်အတွက် အကယ်ဒမီရွေးချယ်ဆုပေးပွဲ

ကျင်းပမည့်နေရာ
အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ

ကျင်းပမည့်နေ့ရက်
၃၁-၁၂-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

ကျင်းပမည့်အချိန်
ညနေ (၅း၃၀)နာရီ

လက်မှတ်ရောင်းချမည့်နေရာများ
၁။ဘုရင့်နောင်ရုပ်ရှင်ရုံ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
၂။တပင်ရွှေထီးရုပ်ရှင်ရုံ ပြည်လမ်း၊
၃။အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ

လက်မှတ်စတင်ရောင်းချမည့်ရက်
၂၉-၁၂-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

လက်မှတ်ရောင်းချမည့်အချိန်
နေ့စဉ် နံနက် (၉း၀၀)နာရီ မှ ညနေ (၃း၀၀)နာရီ

ဝင်ကြေးနှုန်း
ကျပ် ၂၀၀၀၊ ၁၀၀၀၊ ၁၅၀၀၊ ၁၀၀၀

VeVe က ပံ့ပိုး ကူညီသည်။

အထူးသတိပေးချက်။ ။လက်မှတ်အတုများ ပေါ်ပေါက်နိုင်မှုကြောင့် အထက်ပါ သတ်မှတ်နေရာများတွင် ဝယ်ယူသော လက်မှတ်များမှလွဲ၍ အခြားမြင်ပတွင် ဝယ်ယူသော လက်မှတ်များ အတွက် တာဝန်မယူပါ။

ကင်မရာနှင့် ဒစ်ဂျစ်တယ်ကင်မရာရိုက်ကူးတည်းဖြတ်သင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၆

M-Plus Creative Media Group မှကင်မရာနှင့် ဒစ်ဂျစ်တယ်ကင်မရာ ရိုက်ကူးတည်းဖြတ် ထုတ်လုပ်မှုသင်တန်း အပတ်စဉ်(၈) ကို ဇန်နဝါရီလပထမပတ်တွင် ထပ်မံဖွင့်လှစ်သွားမည်ဖြစ်သည်။ သင်တန်းတွင်သင်ကြားပေးမည့်ဘာသာရပ်များမှာ ကင်မရာနှင့် ဓာတ်ပုံရိုက်ကူးမှု အခြေခံသဘောတရား၊ဒစ်ဂျစ်တယ် ကင်မရာသဘောတရားနှင့်ရိုက်ကူးမှု၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၏ အခြေခံသဘောတရား၊ ကွန်ပျူတာဖြင့် တည်းဖြတ်ခြင်းနည်းပညာများ၊ ပရင်တာ အသုံးပြုပုံ ထုတ်ခြင်းနည်းပညာ၊ စကင်နာအသုံးပြု၍ ပုံဖတ်ခြင်းနည်းပညာ၊ ဓာတ်ပုံမှ ရုပ်သံ ဗွီစီဒီ ထုတ်လုပ်ခြင်း၊ ဓာတ်ပုံဆိုင်ဖွင့်လှစ်ရာတွင် လိုအပ်သော အခြေခံအချက်အလက်နှင့်သဘောတရားများ၊ဈေးကွက်ရှာဖွေခြင်းသဘောတရားများကို စာတွေ့နှင့် လက်တွေ့ပစ္စည်း စုံလင်စွာဖြင့် သင်ကြားသွားမည်။ သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်သည်။သင်တန်းသားတစ်ဦးလျှင် ဒီဂျစ်တယ်ကင်မရာတစ်လုံး၊ ကွန်ပျူတာတစ်လုံး၊ စက်ပစ္စည်း စုံလင်စွာဖြင့် သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် M-Plus Creative Media Group အမှတ်(၁၉၄) ၃၃လမ်း (အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်း ဖုန်း-၇၀၄၉၄၇၊ ၀၉-၅၀၀-၇၄၂၃၊ ၀၉-၈၀-၃၄၅၁၅ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ရွှေကံ့ကော်အထူးထုတ် ရန်ကုန်တက္ကသိုလ်ကထုတ်ဝေဖြန့်ချိ



ရန်ကုန် ဒီဇင်ဘာ ၂၆

ပညာရေးဝန်ကြီးဌာန ရန်ကုန်တက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ စာစစ်မှူးချုပ်ပါမောက္ခကြီးများက မေးခွန်းပုံစံနှင့်အညီ အခန်းလိုက် ရှင်းလင်းချက်များနှင့်တကွ အမေး၊အဖြေစုံတို့ကို အပိုအလိုမရှိစိစစ်ရေးသားထားသည်။ ရွှေကံ့ကော်စာမေးပွဲလမ်းညွှန် Student Exam Guide စာမေးပွဲ အထူးထုတ်ကိုဦးမင်းဦးရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင် အဆောက်အအုံ ဖုန်း-၅၃၆၅၀၃၊ ၇၀၀၇၄၁၊ ၇၂၀၇၇၅ က ဖြန့်ချိလိုက်သည်။ (အပေါ်ပုံ) **(က-ပ)**

လိပ်ခေါင်း၊ ဂရုဏ်ကျီး၊ ဆော်နှာ (အနီးအဝေးကြော)အထူးကု

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး

ဗဟန်းမြို့နယ်

(၁၄)ကြိမ်မြောက်နိဗ္ဗာန်ဈေးအလှူမင်္ဂလာပွဲ

၂၇-၁၂-၂၀၀၃ (စနေနေ့)

မွန်းလွဲ ၃ နာရီမှ စတင်ဖွင့်လှစ်ပါမည်။

နိဗ္ဗာန်ဈေးဆိုင်ခန်းများဖွင့်လှစ်ရောင်းချပါမည်။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

အောက်ပါဝန်ထမ်းများအလိုရှိသည်။

အရောင်းမြှင့်ဝန်ထမ်း ကျား(၁၅)ဦး

၁။ အသက် (၂၅)နှစ်ထက်မကြီးရ။
၂။ (၁၀)တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
၃။ ၂ တန်ယာဉ်ကျွမ်းကျင်စွာမောင်းနိုင်ရမည်။
၄။ ရုပ်ရည်ပြေပြစ်၍ သွက်လက်ပြီး ချိုသာစွာပြောဆိုနိုင်ရမည်။
၅။ အရောင်းမြှင့်တင်ရေးလုပ်ငန်းတွင် စိတ်ဝင်စားပြီး စိတ်အားထက်သန်စွာ လုပ်ဆောင်နိုင်သူဖြစ်ရမည်။
၆။ နယ်ခရီးဝေးသွားနိုင်သူဖြစ်ရမည်။

အထက်ပါအချက်အလက်များနှင့်ပြည့်စုံသူများသည် မကြာမီအတွင်းရိုက်ထားသော ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ(အောင်လက်မှတ်မူရင်းပြသနိုင်ရမည်)၊မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်နေထိုင်ကြောင်း ထောက်ခံစာ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူတို့နှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ ၁၀ရက်အတွင်း အောက်ပါလိပ်စာအတိုင်းလူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

**အမှတ် ၁၁၃၊ ဝါတန်းလမ်း၊
လမ်းမတော်မြို့နယ်၊
ဖုန်း-၂၂၉၉၆၄၊ ၂၂၉၉၅၆။**

မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်

မော်လိုက် ဒီဇင်ဘာ ၁၀

မော်လိုက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ကျေးရွာအုပ်စု အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၃ ရက် ညနေ ၃ နာရီက မော်လိုက်မြို့ ပြည်သူ့အားကစားကွင်း၌ကျင်းပရာ ပြိုင်ပွဲဝင်ဘောလုံး အသင်း ၁၄ သင်းမှ အားကစားသမားများက ဘောလုံးကွင်းအတွင်း နေရာယူပြီး မော်လိုက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းက အမှာစကား ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

နိုဝင်ဘာ ၂၉ ရက်က မအူပင်မြို့ သန့်ရှင်းသာယာလှပရေးနှင့် မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးအတွက် ရွှေဘုန်းမြင့်ဘုရားလမ်း ပလက်ဖောင်းများ ပြုပြင်ခြင်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် လုပ်ငန်းခွင်အင်ဂျင်နီယာဦးကျော်မင်းသန်းတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။(က-ပ)

မြတောင်စာသင်တိုက်၌ တရားပွဲများကျင်းပမည်

ပန်းတနော် ဒီဇင်ဘာ ၂၂

ပန်းတနော်မြို့ မြတောင်စာသင်တိုက် စိန်တန်ဆောင်းတော်ကြီးအတွင်း၌ ကျင်းပမည့် အထူးတရားပွဲတွင် နေ့စဉ်ည ၇ နာရီမှစ၍ ဆရာတော်ကြီးများက တရားဓမ္မများ ဟောကြားချီးမြှင့်မည်ဖြစ်ရာ ပြာသိုလဆန်း ၈ ရက် ညတွင် မြတောင်စာသင်တိုက် ဒုတိယနာယကဆရာတော် အရှင်ကုမာရ၊ ပြာသိုလဆန်း ၉ ရက်ညတွင် တွံတေးဆရာတော် အရှင်ဣန္ဒက၊ ပြာသိုလဆုတ် ၁၁၊ ၁၂ ရက်ညများတွင် ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရအရှင်အာစာရ လင်္ကာရ၊ တပို့တွဲလဆန်း ၇၊ ၈ ရက်ညများတွင် မေတ္တာအေး ဆရာတော် ဦးသုဇာတ၊ တပေါင်းလဆုတ် ၁၀၊ ၁၁ ရက်ညများတွင် သာသနဓဇသိရီ ပဝရဓမ္မာစရိယ ပါဠိပါရဂူ ဘဒ္ဒန္တသြဘာသာ ဘိဝံသ၊ ၁၃၆၆ ခုနှစ် တန်ခူး လဆန်း ၃၊ ၄ ရက်ညများတွင် ဓမ္မကထိက ဗဟုဇနဟိတဓရ (အောင်စကြာ) ဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ၊ တန်ခူးလဆန်း ၁၄၊ ၁၅ရက်ညများတွင် သာသနဓဇဓမ္မာစရိယ သီတဂူအရှင်ပညာနန္ဒ၊ ကဆုန်လဆန်း ၆၊ ၇ ရက်ညများတွင် ဗဟုဇနဟိတဓရ ဖြူးဆရာတော်ဘဒ္ဒန္တနရပတိ၊ ကဆုန်လဆန်း ၁၁ ရက်ညတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ သပိတ်အိုင်တောရသဲကုန်းဆရာတော် အရှင်ဉာဏိဿရ (D. Litt) တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(၃၂၇)**

ရေတာရှည်မြို့နယ် လမ်းတံတားလုပ်ငန်းများ အရှိန်မြှင့်

ရေတာရှည် ဒီဇင်ဘာ ၂၀

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် လမ်းတံတား၊ ရေပေးရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၈ ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကြည်တင့်တို့သည် ဆွာ-ငါးကြီးကွေ့-နဂျပ်မြေသားလမ်းဖောက်လုပ်နေမှုကို ကွင်းဆင်းကြီးကြပ်၍ လိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့ကြသည်။ **(ဝဲပုံ)**

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြလမ်းတံတား ရေပေးရေးလုပ်ငန်းငါးခုနှင့်ကျေးလက်လမ်းတံတားရေပေးရေးလုပ်ငန်း ၁၂ ခုကို ငွေ ၉၅၈၄၀၆၉ ကျပ် အကုန်ကျခံကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

လပွတ္တာမြို့နှင့် ဆားကျင်းကျေးရွာဆက်သွယ်သည့် ကျေးလက်လမ်း ကျောက်ချောလမ်းခင်းရန် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့်အဖွဲ့ ဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးကြစဉ်။

(က-ပ)

နမ့်ခမ်းမြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပိုလ်လု

နမ့်ခမ်း ဒီဇင်ဘာ ၁၅

နမ့်ခမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို နိုဝင်ဘာ ၂၅ ရက်က နမ့်ခမ်းမြို့ ပြည်သူ့အားကစားကွင်းတွင် ကျင်းပရာ နောင်ခန့်ရပ်ကွက်အသင်းက နောင်ခန့်ကုန်းကျေးရွာအသင်းအား လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးအောင်ဇော်လတ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

သဲအောင်စာပေ အမှတ် ၂၀၉ ပထမထပ်(ယာ) ၃၈ လမ်း(ထက်) ရန်ကုန်မြို့ ဖုန်း ၇၂၂၀၅၃က ဖြန့်ချိသည့်သဲအောင်၏မီးငယ်လေးဖတ်ဖို့ (၃) စာအုပ်မျက်နှာဖုံး။(က-ပ)

ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ် ကျောင်းသူ ကျောင်းသားများ ဆေးဝါးထုတ်လုပ်ရေးစက်ရုံလေ့လာ

ရွှေဘို ဒီဇင်ဘာ ၁၅

မန္တလေးဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ် တတိယနှစ်ကျောင်းသား ကျောင်းသူ၉၁ဦးပါဝင်သောလေ့လာရေးအဖွဲ့သည် ဆေးဝါးဖော်စပ်ရေးဗေဒဌာန ဆရာမ ဒေါ်စန်းစန်းဝေ ခေါင်းဆောင်လျက် ဆရာ၊ ဆရာမ ရှစ်ဦး ကြီးကြပ်လိုက်ပါလာပြီး သင်ရိုးညွှန်းတမ်းလိုအပ်ချက်အရ ဒီဇင်ဘာ ၆ ရက် နံနက်က ရွှေဘိုမြို့ရှိရုပ်ပျိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံ အမှတ်(၁)နှင့် အမှတ်(၂) သို့ လာရောက်လေ့လာကြသည်။ **(အောက်ပုံ)**

လေ့လာရေးအဖွဲ့အား ရုပ်ပျိုတိုင်းရင်းဆေးအစည်းအဝေးခန်းမတွင် ရုပ်ပျိုတိုင်းရင်းဆေး ဦးဆောင်စီမံအုပ်ချုပ်သူ ဆရာဦးဘိုကြီးက ရုပ်ပျိုတိုင်းရင်းဆေး၏ သမိုင်းကြောင်း ကိုလည်းကောင်း၊ အထွေထွေ မန်နေဂျာ ဦးဇော်ဇော်နှင့် လက်ထောက်အထွေထွေ မန်နေဂျာဦးဘမိုးတို့က ရုပ်ပျိုတိုင်းရင်းဆေး၏ဖွဲ့စည်းဆောင်ရွက်ပုံနှင့် ဆေးဝါးထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများ၏ ဆေးဝါးထုတ်လုပ်ပုံစနစ်များနှင့် ပတ်သက်၍ မေးမြန်းမှုများကို ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် လေ့လာရေးကျောင်းသားကျောင်းသူများသည် ရုပ်ပျိုဆေးဝါး ထုတ်လုပ်ရေးစက်ရုံ အမှတ်(၁)နှင့် အမှတ်(၂)ရှိ ခေတ်မီစက်ကြီးများကို အသုံးပြု၍ GMP နှင့်အညီ ထုတ်လုပ်လျက်ရှိသော ဆေးဝါးထုတ်လုပ်နေမှု အဆင့်ဆင့်လုပ်ငန်းခွင်တို့ကို လက်တွေ့ လှည့်လည်ကြည့်ရှု လေ့လာကြသည်။ **(က-ပ)**

နိုင်ငံသားကတ်ပြားပေးအပ်

အင်္ဂပူ ဒီဇင်ဘာ ၁၆

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ထူးကြီးအထကမှ နိုင်ငံသား အရည်အချင်း ပြည့်မီသော ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများပေးအပ်ပွဲကို ဒီဇင်ဘာ ၅ ရက်က ထူးကြီးအထက ကျောင်းခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဟင်္သာတခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးဦးမြင့်ဝင်းနှင့် အင်္ဂပူမြို့နယ်ဦးစီးဌာနမှူး ဦးထွန်းသိန်းတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြသည်။

(၁၃၁)

အထူးကုအဖွဲ့ အဘိုးအဘွားများအား ဆေးဝါးကုသပေး

လှိုင်ကော် ဒီဇင်ဘာ ၁၆

ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်မှုကော်မတီ၏ဦးဆောင်မှုဖြင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့သည် ဒီဇင်ဘာ ၃ ရက်မှစ၍ ကယားပြည်နယ်လှိုင်ကော်မြို့ပေါ်ရှိ ရပ်ကွက်ပေါင်း ၁၃ ရပ်ကွက်သို့ ကွင်းဆင်းကာ အသက်(၆၅)နှစ်အထက် အဘိုးအဘွားများအား ကျန်းမာရေးစစ်ဆေးပြီး ဆေးဝါးများအခမဲ့ ကုသပေးကြသည်။

အခမဲ့ကုသ

ဒီဇင်ဘာ ၁၀ ရက်က မင်္ဂလာရပ်ကွက် မိုးကုတ်ဓမ္မာရုံတွင် ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းအေး ဦးဆောင်၍ သမားတော်ကြီး ဒေါက်တာဒေါ်မေရီဖော၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာခင်ဥမ္မာ၊ သွားဆရာဝန် ဒေါက်တာစောမူလာထူး၊ အထွေထွေရောဂါကုဆရာဝန် ဒေါက်တာအက်(စ်)ကူမားနှင့် ကျန်းမာရေးဝန်ထမ်းများက နှလုံး၊ သွေးတိုး၊ ဆီးချို၊ မျက်စိနှင့် သွားရောဂါ ဝေဒနာရှင် အဘိုးအဘွားများအား အခမဲ့ဆေးဝါးကုသပေးကြသည်။

ကူညီဆောင်ရွက်

ဆေးဝါးကုသမှု ခံယူကြသော ရပ်ကွက်အသီးသီးမှ အဘိုးအဘွားများအား ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးကြပ်မှုကော်မတီနာယက ဒေါ်ခိုင်သက်မွန် နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆေးဝါးကုသခံ အဘိုးအဘွားများအား လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။ **(၀၈၄)**

မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း အသင်းသားစုံညီအစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၆

မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၏ အသင်းသားစုံညီ သင်းလုံးကျွတ်အစည်းအဝေးကို ဒီဇင်ဘာ၂၀ရက် မွန်းလွဲ၂နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးဝင်းထိန်နှင့်အသင်းချုပ် ဗဟိုကော်မတီဝင်များ၊ အသင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိဦးထိန်ဝင်းနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌဦးဝင်းမြင့်တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ အသင်းချုပ် အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်းဝင်းက အသင်း၏ နှစ်ပတ်လည် ငွေစာရင်း ရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အသင်းအတွက် အလှူငွေများကို ပေးအပ် လှူဒါန်းကြရာ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ခင်းကျင်းပြသ

ထို့နောက် ခင်းကျင်းပြသထားသော ပြည်တွင်းဖြစ် ထွက်ကုန်ပစ္စည်းများကို ဝန်ကြီးများနှင့်အဖွဲ့က ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် ညောင်ကန်အေး သာသနာ့ရိပ်သာ ပဓာနနာယက မဟာမဏ္ဍကထိက ဗဟုဇနဟိတရေညောင်ကန်အေးဆရာတော် ဘဒ္ဒန္တဣန္ဒက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဂုဏဝိသိဋ္ဌပူဇာသဘင်နှင့် သာသနာ့သီတလဓမ္မဗိမာန်တော်အတွက် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၁၄ ရက်က ကျင်းပရာ ပုဇွန်တောင်မြို့နယ်နေ အလှူရှင် ဦးစန်းမြင့်ထွန်း-ဒေါ်ဝါဝါခင် မိသားစုက ငွေကျပ် သိန်း ၁၅၀ကို သာသနာ့ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဘဒ္ဒန္တကဝိန္ဒအား ဂုဏ်ပြုပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြေညာစာအမှတ် ၁/၂၀၀၃ဖြင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဧရာဝတီတိုင်းကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်ပုသိမ်မြို့ မဟာရုံသီပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် လယ်တီမူ အနာဂါမ် ဆရာသက်ဝိပဿနာအဖွဲ့ချုပ် နာယကဆရာတော် ဘဒ္ဒန္တကဝိန္ဒ (ဓမ္မာစရိယ)B.Sc(Phy)အား ဂုဏ်ပြုပူဇော်ပွဲကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် စည်ကား သိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားပြီး ဖြစ်ရာ ၄ရက်၊ ၅ ရက်၊ ၆ ရက်ည အထိ တရားပွဲများ ဆင်ယင်ကျင်းပသွားမည်ဖြစ်၍ ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမများအနေဖြင့် ဖုန်း-၀၄၂-၂၂၈၅သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

တွံတေးတံတားတည်ဆောက်ရေးစီမံကိန်းပန္နက်တင် ရတနာပိုင်တိုင်စိုက်ထူခြင်းအခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်တိုင်းတွံတေးမြို့နယ် တွံတေးတံတားတည်ဆောက်ရေးစီမံကိန်း ပန္နက်တော်တင် ရတနာပိုင်တိုင် စိုက်ထူခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက တွံတေးတံတား တည်ဆောက်ရေးစီမံကိန်း မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင့်ဆွေ၊ ဗိုလ်မှူးချုပ်မြင့်သိန်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ တိုင်း၊ခရိုင်၊မြို့နယ်များမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူ များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားဖွင့်လှစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားသည်။

ပန္နက်တော်များရိုက်သွင်းပေး

ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ မင်္ဂလာအချိန်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှတ်(၁)ပန္နက်တော် မင်္ဂလာနေရာ၌ လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးတင့်ဆွေက အမှတ်(၂) ပန္နက်တော်မင်္ဂလာနေရာ၌ လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်းက အမှတ်(၃)ပန္နက်တော် မင်္ဂလာနေရာ၌လည်းကောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး ကျော်တင့်က အမှတ်(၄) ပန္နက်တော်မင်္ဂလာနေရာ၌လည်းကောင်း အသီးသီး နေရာယူပြီး ပန္နက်တော်များကို ကိုးကြိမ်စီ တစ်ပြိုင်တည်း ရိုက်သွင်းပေးပြီး ပန္နက်တိုင်များကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြပြီး ပန္နက်တော်တင် မင်္ဂလာအောင်မြင်သည့် အထိမ်းအမှတ်အဖြစ် ရွှေမိုး ငွေမိုးများ ရွာသွန်းပေးသည်။

တွံတေးတံတားစီမံကိန်း မစတင်မီ ပန်းလှိုင်တံတားစီမံကိန်းကို ၂၀၀၂ ခုနှစ် နိုဝင်ဘာ၆ရက်တွင် စတင်တည်ဆောက်လျက်ရှိရာ ပန်းလှိုင်၊ တွံတေးတံတားစီမံကိန်းများ ပြီးစီးသွားပါက ဧရာဝတီတိုင်း၊ ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ရန်ကုန်အထိ လည်းကောင်း၊ လပွတ္တာ၊ မြောင်းမြ၊ အိမ်မဲ၊ ပန်းတနော်၊ ညောင်တုန်း၊ ရန်ကုန်ထိ ဝင်ပေါက်လမ်းကြောင်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့်မြို့နယ် အထက (၅) ကျောင်းကြက်ခြေနီအသင်း ရှေးဦးသူနာပြုစုခြင်း အခြေခံသင်တန်း(၃/၂၀၀၃)ဆင်းပွဲကို ဒီဇင်ဘာ ၂၁ ရက်က ကျောင်းခန်းမတွင်ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းရီက ထူးချွန်ပထမဆုရ မနီလာအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၂၅၉)

သစ်သီးယိုဖျော်ရည်သင်တန်းခွဲထပ်မံဖွင့်လှစ်မည်

ရန်ကုန် ဒီဇင်ဘာ ၂၆

စီးပွားဖြစ် သစ်သီးယိုနှင့် ဖျော်ရည်မျိုးစုံ ထုတ်လုပ်နည်းပညာသင်တန်းကို ရန်ကုန်မြို့ Imperial Fruit Groupက ကြီးမှူးဖွင့်လှစ်ပြီးလုပ်ငန်းရှင် ဖြစ်လိုသူများ၊ လက်ရှိ လုပ်ငန်းရှင်များ၊ ကျန်းမာရေးနှင့် ညီညွတ်သော စားကုန်များကို ကိုယ်တိုင် ထုတ်လုပ်စားသုံးလိုသူများ တက်ရောက်နိုင်ပြီး ထုတ်လုပ်မှု၊ထုတ်လုပ်ကိရိယာထုပ်ပိုးခြင်းနှင့် ဈေးကွက် ဖြန့်ဖြူးခြင်းကိုပါ ထိရောက်စွာ သင်ကြားပို့ချ ပေးမည်။

ယခုသင်တန်း အမှတ်စဉ်(၂) ၂၀၀၃ ကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားခဲ့ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် သင်တန်း ဆင်းပွဲကျင်းပခဲ့သည်။ သင်တန်းအမှတ်စဉ်(၁) ၂၀၀၄ကိုမန္တလေးမြို့၌ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၇ ရက်အထိ ထပ်မံဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းခွဲနှင့် ပတ်သက်၍ အသေးစိတ် သိရှိလိုပါက Special°ကွန်ပျူတာစာစီ ၇၃လမ်း (၃၀/၃၁)လမ်းကြား၊ မင်္ဂလာဈေးအောက်ထပ် မန္တလေးမြို့ ဖုန်း-၀၉-၂၀၀၄၇၀၇၊ ၀၁- ၇၀၆၈၆၈၊ ၀၂-၈၀၀၀၉ တို့သို့ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဒီဇင်ဘာ၆ရက်က ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ပေးပွဲကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်စိန်မေက တတိယတန်း ပညာရည်ချွန်ဆုရ မစပယ်ထွန်းအား ဆုချီးမြှင့်စဉ်။ (က-ပ)

ပုလဲကျေးရွာ အလက အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပုလဲကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကျောင်းခန်းမဆောင်၌ ကျင်းပမည် ဖြစ်ရာ ရပ်နီးရပ်ဝေးမှ အငြိမ်းစားဆရာ ဆရာမများနှင့် ကျောင်းသားဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

(က-ပ)

ကျောက်ဖြူအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၂၆

ကျောက်ဖြူအသင်း(ရန်ကုန်မြို့)၏ ၂၀၀၃ခု နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ထူးချွန်ဆုချီးမြှင့်ပွဲကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၈ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက် မုခ်အနီး ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များမှ အသက် (၇၅)နှစ်အထက် ကန်တော့ခံမည့် ပုဂ္ဂိုလ်များ၊ ၂၀၀၃ ခုနှစ် တက္ကသိုလ် စာမေးပွဲတွင် ကျောက်ဖြူခရိုင်အတွင်းမှ ထူးချွန်စွာ အောင်မြင်သူများ၊ စာပေအနုပညာ၊ အားကစား ထူးချွန်ဆုရရှိသူများ၊ အသင်းဝင်မိသားစု သားသမီးများမှ ဂုဏ်ထူးရရှိသူများသည် လိုအပ်သော အထောက်အထား မှတ်တမ်းမှတ်ရာများနှင့်အတူ အသင်းဥက္ကဋ္ဌ ဦးဘရွှေ ဖုန်း-၃၇၁၇၈၇၊အတွင်းရေးမှူး ဦးခင်မောင်မြင့် ဖုန်း-၃၇၁၉၆၉၊ဦးဘသိန်း ဖုန်း-၅၇၈၄၂၈၊ ဒေါ်တင်တင်အောင်၊ ဒေါ်ခင်ကြည် ဖုန်း-၅၈၀၃၇၈၊ ဆရာမဒေါ်ပုမေ ဖုန်း-၂၉၁၂၁၇ နှင့် အခြားနီးစပ်ရာ အမှုဆောင်အဖွဲ့ဝင်တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ဒီဇင်ဘာ ၁၄ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန် ဆုပေးပွဲနှင့် အလှူငွေပေးအပ်ပွဲတွင် ဦးသန်းလှိုင်-ဒေါ်အေးအေးခိုင် မိသားစုက ကွန်ပျူတာဝယ်ယူရန် အလှူငွေ ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ရီ လက်ခံရယူစဉ်။ (က-ပ)

ဒီဇင်ဘာ၁၁ရက်က ပန်းဘဲတန်း အထက(၁) ဇေကရီခန်းမတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပန်းဘဲတန်းမြို့နယ်မှ ကြီးမှူး၍ (၅၉) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲပြုလုပ်ရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးအောင်နိုင်က ပထမဆုရသူအား ဆုချီးမြှင့်စဉ်။ (က-ပ)

ဒေါပုံမြို့နယ် အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အလက (၂) တွင်နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၂ရက် နံနက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်တင်ရီနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

DI

ရဲ့ X'mas & New Year Special Sales

DI

Discount

Discount (Export Quality

Special

(8 15) (700/-)

Bye Bye 2003! Year End Special Sales

စိန်ဝေဟာ ၁၉ × ၂၀လမ်းကြား မဟာဗန္ဓုလလမ်း

စိန်ဝေဟာ မတ်တူး ပန်းဆိုးတန်းလမ်း

စိန်ဝေဟာ (စင်ထရယ်မတ်)

ဗိုလ်ချုပ်လမ်းနှင့် ၂၃လမ်းကြား မဟာဗန္ဓုလလမ်း

3% to 10% OFF

စိန်ကောင်းဝေဟာ ရွှေတောင်တန်းလမ်းနှင့် ၁၅လမ်းကြား မဟာဗန္ဓုလလမ်း

လကမ္ဘာ ၃၉ × ဆိပ်ကမ်းသာလမ်းကြား မဟာဗန္ဓုလလမ်း

စန္ဒာမြိုင်စတိုး အင်းစိန်လမ်း၊ သံလမ်းထိပ်

BC Card ရှိသူများ (အထူးအခွင့်အရေး) ပေးမည်။ (7.1.2004) နေ့ အထိသာ။

Happy New Year

709977, 380183

ZN SATELLITE GROUP

Tel: 727548

အမည်ပြောင်း

ဦးလှအောင်၏သား မောင်ကျော် မျိုးဟန် ၇/အတန(နိုင်)၀၈၁၀၉၃ အား မောင်လင်းခန့်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လင်းခန့်ပိုင်**

အာမခံ

ပြည့်ဝေသျှင်

ရတနာရွှေဆိုင်

မှ

အာမခံနိုင်အားကောင်းတော့မှန်ကန်မှုပဲ ဖြစ်ပါတယ်

ရွှေရည် - မှန်ကန်မှု

အလေးချိန် - မှန်ကန်မှု

ဈေးနှုန်း - မှန်ကန်မှု

အလျော့အတွက် - မှန်ကန်မှု

ယုဇနပလာဇာ ရွှေဆိုင်

အမှတ် S-4

ဒဂုံစင်တာ ရတနာ ရွှေဆိုင်

အမှတ် F-16

BRIGHTER

အဆင့်မြင့် ခန်းဆီး၊ လိုက်ကာ

သမ္ဘူလ Tea & Food ဆိုင်သစ်ဖွင့်ပွဲတွင်

လက်ဖက်ရည် (အခမဲ့) ကြွရောက်သုံးဆောင်ပါရန်

၂၇-၁၂-၂၀၀၃ (စနေနေ့)နှင့် ၂၈-၁၂-၂၀၀၃ (တနင်္ဂနွေနေ့)

၅၈၊ အမှတ်(၄)လမ်းကြီး၊ ဒီးကုန်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့

သမ္ဘူလမိသားစု

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်

ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂

ALL TIME

ငွေကျပ်ငါးသောင်းနဲ့ လုပတဲ့ သတို့သမီးဝတ်စုံကို သင့်ကိုယ်အတိုင်းနှင့် သင် ပိုင်ဆိုင်နိုင်ပါပြီ။

* **မလေးရှားဝတ်စုံ**
* **ထိုင်းဝတ်စုံ**
* **ဘရူနိုင်းဝတ်စုံ**
* **ဂါဝန်ပုံဆန်းအမျိုးမျိုး**
* **ဘလောက်စ်၊ စကတ်ပုံအမျိုးမျိုး**

၁-၁-၂၀၀၄ ရက်ဖွင့်ပြီး အမှတ် ၁၂၄၊ ၂၇လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန် ဖုန်း-၂၄၅၀၆၃

အထူးလျှော့ဈေး ၁၀ %

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး (အင်ဂျင်နီယာဌာန)

အောက်ပါသင်တန်းများ ၁-၁-၂၀၀၄ ရက်တွင် ဖွင့်လှစ်ပါမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါ၍ အမြန်စာရင်းပေးသွင်းကြပါ။

အခြေစိုက်အလုပ်ရုံအမှတ်(၂)

၁။ အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်း

၂။ အခြေခံဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းမှုသင်တန်း

အခြေစိုက်အလုပ်ရုံအမှတ်(၁)

၁။ တွင်ခုံ/ဖောက်ခုံသင်တန်း

၂၊ ယန္တရားကိုင်တွယ်ထိန်းသိမ်းမှုသင်တန်း

၃။ အခြေခံလျှပ်စစ်သံဂဟေဆက်နှင့် ဓာတ်ငွေ့ဂဟေဆက်သင်တန်း

၄။ ခေတ်မီမော်တော်ယာဉ်ယဉ်များ၏ လျှပ်စစ်ပိုင်းဆိုင်ရာပြုပြင်ခြင်းသင်တန်း

၅။ အဆင့်မြင့်ဓာတ်ငွေ့ဂဟေဆက်သင်တန်း(လျှပ်စစ်ဂဟေဆက်၊ ဓာတ်ငွေ့ဂဟေဆက်၊ Tig နှင့် Mig ဂဟေဆက်)

၆။ အခြေခံလေအေးပေးစက် ပြုပြင်ထိန်းသိမ်းမှုသင်တန်း

တည်နေရာ

ကုန်းလမ်းပို့ဆောင်ရေး အခြေစိုက်အလုပ်ရုံအမှတ်(၁)မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ် (မဟာဗန္ဓုလတံတားအနီး)

တယ်လီဖုန်း

၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄၊ ၇၂၆၅၇၂(ရုံးချိန်အတွင်းသာ)

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်(ဈ)ရပ်ကွက်၊အကွက်အမှတ်(နန-၆)၊ ဦးပိုင်အမှတ် ၅၆၊ ဂရန်မြေကွက်အား ဒေါ်စန်းရီ မှတ်ပုံတင်အမှတ် ၉/မနတ(နိုင်)၁၀၅၅၅၀ မှ အမှုတွဲအမှတ် ၁၈၁၉/၂၀၀၃-၂၀၀၄ ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း၊ အမည်ပြောင်း၊ ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဌာနမှူး

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊

နည်းဥပဒေ ၂၀

တာမွေမြို့နယ်တရားရုံး

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၁၉

ဦးသန်းထွန်း **နှင့်** ၁။ ဒေါ်အေးတင့် ၂။ ဦးမောင်လေး ၃။ ဒေါ်မြမြ

(တရားလို) **(တရားပြိုင်များ)**

(ယခုနေရပ်လိပ်စာမသိ) တရားပြိုင်များ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအ၀ယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၂ ရက် (၁၃၆၅ခုနှစ် ပြာသိုလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးကျော်ဇေယျ B.A (Law) LL.B

မြို့နယ်တရားသူကြီး၊ တာမွေမြို့နယ်တရားရုံး

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

(၁) B.E (Mechanical) (ကျား) ၁ ဦး

B.E (Electrical)

Aircon တပ်ဆင်ပြုပြင်ရေးနှင့် စီမံခန့်ခွဲ အုပ်ချုပ်မှုစွမ်းရည်မြင့်မားသူဖြစ်ရမည်။

(၂) Aircon တပ်ဆင်ပြုပြင်ရေးတွင် အတွေ့အကြုံရှိသူ (ကျား) ၁ ဦး

(၃) Sale Girl (မ) ၁ ဦး

လျှောက်ထားသူများသည် C.V ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင် ပညာအရည်အချင်း၊ လေဘာကတ်မိတ္တူများနှင့်တကွ အမှတ်-၀၀၃၊ ဒဂုံတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၄၄၆၄၊ ၅၄၄၄၆၅၊ ၅၅၈၂၉၁ သို့ ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။

ကျေးဇူးဆပ်ပါမည် ကျွန်တော်၏မှတ်ပုံတင်ကတ်၊ ယာဉ်မောင်းလိုင်စင်ကတ်များ ထည့်ထားသော ပိုက်ဆံအိတ်(အမည်းရောင်)မှာ ပြည်ထောင်စုရိပ်သာအနီး ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါ ကျေးဇူးဆပ်ပါမည်။

ဦးသိန်းထွန်းအေး ဖုန်း-၂၂၀၄၂၂၊ ၀၉-၅၀၁၄၁၅၀

[illegible]

	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]

အထက (၁) မြောက်ဥက္ကလာပမြို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

နေ့ရက်။ ။ ၁၀-၁-၂၀၀၄ (စနေနေ့)
အချိန် ။ ။ မွန်းလွဲ ၁ နာရီတိတိ
နေရာ ။ ။ မြောက်ဥက္ကလာပမြို့နယ်ခန်းမ

၁၉၅၉ မှ ၂၀၀၃ အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ကြီးများ၊ ၁၉၅၉ မှ ၁၉၇၉ အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမများနှင့် ၁၉၈၀ မှ ၂၀၀၃ အတွင်း သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာ၊ ဆရာမများကို ပူဇော်ကန်တော့ကြပါမည်။

အပူဇော်ခံဆရာ၊ ဆရာမများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်အပူဇော်ခံပါရန် ရိုသေစွာ ဖိတ်ကြားအပ်ပါသည်။

ကျောင်းသား၊ကျောင်းသူဟောင်းများထံ သီးခြားဖိတ်စာမပို့ပါ။ အလှူငွေများထည့်ဝင်ကြပါရန်၊ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး သတင်းလွှာရယူကြပါရန်နှင့် အာစရိယပူဇော်ပွဲသို့ မပျက်မကွက်တက်ရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

ဦးချိုအေး	ဖုန်း-၆၉၉၅၁၁၊ ၆၉၉၅၁၈
ဒေါ်ခင်မမကြီး	ဖုန်း-၆၉၉၉၃၉
ဦးတင်ထွန်း	ဖုန်း-၆၉၉၃၉၃
ဦးကျော်ဆန်းထွန်း	ဖုန်း-၇၀၀၁၆၄
ဦးဆုတင်	ဖုန်း-၃၇၉၅၀၅၊ ၃၇၀၁၈၉
ကိုဘုန်းနိုင်	ဖုန်း-၇၀၄၄၈၄
ဦးအောင်ကြည်မြင့်	ဖုန်း-၆၉၉၁၂၃၊ ၂၅၆၃၉၉၊ ၀၉ ၉၉-၂၇၁၂၃

မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာန နှစ်ငါးဆယ်ပြည့် ရွှေရတုသဘင်နှင့် တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ဘူမိဗေဒဌာနတည်ထောင်ခြင်း နှစ်ငါးဆယ်ပြည့် အထိမ်းအမှတ် ရွှေရတုသဘင်နှင့် တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပပါမည်။ မန္တလေးတက္ကသိုလ် ဘူမိဗေဒ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများထည့်ဝင်လှူဒါန်းကြပါရန် ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

ရွှေရတုသဘင်ကျင်းပရေးဦးစီးကော်မတီ

အစီအစဉ်

နေ့ရက်	**အချိန်**		**နေရာ**
၂၈-၁၂-၂၀၀၃ (တနင်္ဂနွေနေ့)	နံနက်၈း၀၀နာရီ	ရွှေရတုဖွင့်ပွဲအခမ်းအနား	ဘူမိဗေဒဌာန
	နံနက်၁၀း၀၀နာရီ	အာစရိယပူဇော်ပွဲ	တက္ကသိုလ်မြို့ရှိ
	မွန်းလွဲ၁း၀၀နာရီ	ဟောပြောပွဲနှင့်စာတမ်းဖတ်ပွဲ	ဘူမိဗေဒဌာန
	ညနေ၅း၀၀နာရီ	မိတ်ဆုံညစာစားပွဲ	မြစိမ်းရောင်ခန်းမ၊ ၃၅လမ်း၊ ၈၉-၉၀လမ်းကြား၊ မန္တလေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

အမှတ် ၉၀၊ ကံဘဲ့လမ်း၊ ရန်ကင်း၊ ရန်ကုန်မြို့
Ph; (951) 578470, 565142, Fax; (951) 578472
E-mail-mpe-myr@mptmail.net.mm,www.myanmarpearl.com

ရက်စွဲ၊ ၂၀၀၃ခုနှစ် ဒီဇင်ဘာလ (၁၆)ရက်

ပြည်တွင်းပုလဲရောင်းချပွဲ

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းပိုင် ပုလဲများကို နိုင်ငံသားများအား ပြည်တွင်းတွင် မြန်မာကျပ်ငွေဖြင့် အောက်ပါအစီအစဉ်အတိုင်း ချိပ်ပိတ်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်များဖြင့် ရောင်းချမည်ဖြစ်ပါ၍ ပုလဲဝယ်ယူလိုသူများ လာရောက်ကြည့်ရှုဝယ်ယူနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

(က)	**ပုလဲများကြည့်ရှုစစ်ဆေးခြင်းနှင့် တင်ဒါများပေးသွင်းခြင်း**	(၂၈-၁၂-၂၀၀၃) ရက်မှ (၂၉-၁၂-၂၀၀၃) ရက်အထိ ၁၀း၀၀ မှ ၁၆း၀၀ နာရီအထိ
(ခ)	**တင်ဒါများဖွင့်ဖောက်ခြင်းနှင့် ဈေးပြိုင်ရောင်းချခြင်း**	(၃၀-၁၂-၂၀၀၃) ရက် နံနက် ၁၀း၀၀နာရီ
(ဂ)	**ပုလဲရောင်းချပွဲကျင်းပမည့်နေရာ**	**သီရိရတနာခန်းမ** သတ္တုတွင်းဝန်ကြီးဌာန အမှတ် (၉၀) ကံဘဲ့၊ ရန်ကင်း၊ ရန်ကုန်မြို့
(ဃ)	**အသေးစိတ်သိရှိလိုပါက** ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ် ၅၆၂၃၅၈၊ ၅၇၁၀၃၈၊ ၅၇၈၄၇၀	

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း။

လက်ထပ်ပြီးစီးခြင်း

ထားဝယ်မြို့၊ တံငါရပ်၊ ကမ်းနားလမ်း၊ အမှတ် ၅၁ နေ
ဦးထွန်းရှိန်-ဒေါ်အုန်းကြည် တို့၏ သားကြီး
မောင်သိန်းထိုက်ဦး B.Sc (Phy) ဆော်လမွန်မြန်မာကုမ္ပဏီ
နှင့်
ရန်ကုန်တိုင်း ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ဥက္ကာလမ်း
အမှတ်၅/ခနေ ဦးဖိုးကျော်(ခ) ဦးကျော်နိုင်-ဒေါ်စိန်ပု
တို့၏သမီးကြီး
မစိုးစိုးနိုင် B.Sc (Maths) ဆော်လမွန်မြန်မာကုမ္ပဏီ
တို့သည် နှစ်ဖက်သော မိဘများ၏သဘောတူညီခွင့်ပြုချက်အရ လက်ထပ်ပြီးစီးပါကြောင်း။

မောင်သိန်းထိုက်ဦး-မစိုးစိုးနိုင်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)
မန္တလေးတက္ကသိုလ်
အကြိမ် (၄၀)မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ မန္တလေးတက္ကသိုလ်က ကျင်းပခဲ့သည့် မန္တလေးတက္ကသိုလ်(နေ့သင်တန်း၊ ညနေသင်တန်း)တို့မှ (ဘွဲ့)စာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ပြီး ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့ယူရန် လျှောက်ထားကြသူများအတွက် မန္တလေးတက္ကသိုလ် အကြိမ် (၄၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်ပါသည်။

ဘွဲ့နှင်းသဘင် ပထမနေ့ (၁၀-၁-၂၀၀၄) အစီအစဉ်
(၁) နံနက်ပိုင်း နံနက် (၉) နာရီ

ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့	- မြန်မာစာ
ပါရဂူဘွဲ့	- ရူပဗေဒ၊ ဘူမိဗေဒအားလုံး
မဟာသုတေသနဘွဲ့	- အင်္ဂလိပ်စာ၊ သမိုင်း၊ ဒဿနိကဗေဒ၊ သချ်ာ၊ သတ္တဗေဒ အားလုံး
မဟာဝိဇ္ဇာဘွဲ့	- ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ အားလုံး
မဟာသိပ္ပံဘွဲ့	- ဓာတုဗေဒ၊ ဓာတုဗေဒ (အင်ဂျင်နီယာ)၊ ရုက္ခဗေဒအားလုံး
ဝိဇ္ဇာ (ဂုဏ်ထူး)ဘွဲ့	- အင်္ဂလိပ်စာ၊ သမိုင်း၊ စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာအားလုံး
သိပ္ပံ (ဂုဏ်ထူး)ဘွဲ့	- ရူပဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒအားလုံး

(၂) မွန်းလွဲပိုင်း မွန်းလွဲ (၂)နာရီ

ပါရဂူဘွဲ့	- သမိုင်း၊ ဓာတုဗေဒအားလုံး
မဟာသုတေသနဘွဲ့	- မြန်မာစာ၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒအားလုံး
မဟာဝိဇ္ဇာဘွဲ့	- အင်္ဂလိပ်စာ၊ နိုင်ငံတကာဆက်ဆံရေးပညာ အားလုံး
မဟာသိပ္ပံဘွဲ့	- ရူပဗေဒ၊ ရူပဗေဒ (အင်ဂျင်နီယာ)၊ ဘူမိဗေဒအားလုံး
ဒီပလိုမာဘွဲ့	- အင်္ဂလိပ်စာသင်ကြားရေးအားလုံး
ဝိဇ္ဇာ (ဂုဏ်ထူး)ဘွဲ့	- မြန်မာစာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာအားလုံး
သိပ္ပံ (ဂုဏ်ထူး)ဘွဲ့	- ဓာတုဗေဒ၊ သချ်ာ၊ သတ္တဗေဒအားလုံး

အစမ်းလေ့ကျင့်ရက် ၉-၁-၂၀၀၄ ရက် နံနက် (၉) နာရီ

ဘွဲ့နှင်းသဘင် ဒုတိယနေ့ (၁၁-၁-၂၀၀၄) အစီအစဉ်
(၁)နံနက်ပိုင်း နံနက် (၉)နာရီ

ပါရဂူဘွဲ့	- မြန်မာစာအားလုံး
မဟာသုတေသနဘွဲ့	- ပထဝီဝင်၊ ဥပဒေပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ရူပဗေဒအားလုံး
မဟာဥပဒေဘွဲ့	- ဥပဒေပညာအားလုံး
မဟာဝိဇ္ဇာဘွဲ့	- မြန်မာစာ၊ သမိုင်း၊ ဒဿနိကဗေဒအားလုံး
မဟာသိပ္ပံဘွဲ့	- သချ်ာ၊ သတ္တဗေဒအားလုံး
ဥပဒေဘွဲ့	- ဥပဒေပညာအားလုံး
ဝိဇ္ဇာဘွဲ့	- မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ စိတ်ပညာအားလုံး(ညနေသင်တန်း)
သိပ္ပံဘွဲ့	- ဓာတုဗေဒ၊ ရူပဗေဒ၊ သချ်ာ၊ သတ္တဗေဒ၊ ရုက္ခဗေဒအားလုံး (ညနေသင်တန်း)

အစမ်းလေ့ကျင့်ရက် ၉-၁-၂၀၀၄ ရက် မွန်းလွဲ(၂)နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ဘွဲ့ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံများ ငှားရမ်းခွင့် ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့် လက်မှတ်၊ ဧည့်လက်မှတ်များတို့ကို ဘွဲ့ကြေးငွေသွင်းပြေစာတင်ပြ၍ မန္တလေးတက္ကသိုလ်(ပင်မ)စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် အောက်ပါအစီအစဉ်အတိုင်း ထုတ်ပေးပါမည်။

ဘွဲ့နှင်းသဘင်ကျင်းပရက်	**ဘွဲ့ဝတ်စုံများငှားရမ်းခွင့် ထောက်ခံစာများ ထုတ်ပေးမည့်ရက်**	**တက်ရောက်ခွင့်ပြုလက်မှတ်/ ဧည့်လက်မှတ်များ ထုတ်ပေးမည့်ရက်**
၁၀-၁-၂၀၀၄	၅-၁-၂၀၀၄	၇-၁-၂၀၀၄
၁၁-၁-၂၀၀၄	၆-၁-၂၀၀၄	၈-၁-၂၀၀၄

၃။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ဘွဲ့ယူမည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့မှ နှစ်သက်ရာဝတ်စုံကို **အပြည့်အစုံ**ဝတ်ဆင်၍ တက်ရောက်ရပါမည်။

ကျော်ငြိမ်း
မော်ကွန်းထိန်းအဆင့်(၁)
စာမေးပွဲနှင့် ဘွဲ့နှင်းဌာန
မန္တလေးတက္ကသိုလ်။



မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

မော်လမြိုင်ကျွန်းမြို့နေ
ဦးဖုန်းမြင့်(ခ)ဦးအကောက်(အရာထမ်းငြိမ်းစတိုး)-ဒေါ်ကျင်ဝမ်း တို့၏သားကြီး
မောင်စန်းယုလှိုင် B.E (Electrical Power), YTU
Adv.Dip.(Industrial Engineering & Management),
Ngee Ann Polytechnic, Singapore
Project Engineer (Chen Brothers Engineering Pte.Ltd.,Singapore) နှင့်
သန်လျင်မြို့နေ
ဦးရွှေသိန်း(ညွှန်ကြားရေးမှူး၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)-ဒေါ်မော်စီ တို့၏သမီးကြီး
မလှနုဖြူ B.E (Electrical Power), YTU
Ph.D Candidate, Dept. of Electrical & Computer Engineering,
National University of Singapore

တို့၏ ၂၃-၁၂-၂၀၀၃ ရက် (အင်္ဂါနေ့)၌ Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာအခမ်းအနားတွင် မင်္ဂလာလက်ဆောင်မွန်ပေးပို့ချီးမြှင့်သော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့်ဇနီး ဒေါ်ခင်မျိုးဦး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် ဦးမြသိန်းနှင့် ဇနီး ဒေါ်ဦးခင်လှ အငြိမ်းစားပါမောက္ခ(ပညာရေးတက္ကသိုလ်)၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော ရန်ကုန်နည်းပညာတက္ကသိုလ် အငြိမ်းစား ဒုတိယပါမောက္ခချုပ် ပါမောက္ခဒေါက်တာဘမြင့်နှင့်ဇနီး ဒေါ်ခင်မေသွင်၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်စန်းယုလှိုင်-မလှနုဖြူ။



မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း ယာဉ်အမှတ် ယ/၁၈၅၇၈ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(ထားဝယ်)သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊တိုင်းရုံး (ထားဝယ်)



ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ
ဒေါ်မြင့်မြင့်
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၃၃၊ ဇောတိကလမ်း၊ ကျောက်မြောင်းနေ (ဦးအေးမောင်-ဒေါ်တင်မေ)တို့၏သမီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၉၉ နေ ဦးအောင်ခိုင်၏ဇနီး၊ (ဒေါ်ထားထား)၏ညီမ၊ ဦးအောင်လွင်(လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန)-ဒေါ်သင်းသင်း၊ (ဦးယုမြင့်) (အထပြ၊ ငြိမ်း၊ အထက-၂၊တာမွေ)၊ ဦးရန်နိုင်(ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)-ဒေါ်စန်းစန်း၊ ဒေါ်ကြူကြူ(စာရင်းစစ်မှူး၊ ငြိမ်း၊ ပန်းဘဲတန်းမြို့နယ် စာရင်းရုံး)တို့၏အစ်မကြီး၊ ဦးကျော်ထွန်းရှိန်(ရေကြောင်းပညာသိပ္ပံ၊ ရေကြောင်းဦးစီးဌာန)-ဒေါ်ဝင်းဝင်းခိုင်၊ ဦးဇော်လင်း(Total Myanmar)-ဒေါ်တိုးတိုးခိုင်၊ ဒေါ်မြတ်မြတ်ခိုင်(ခိုင်မမစတိုး၊ ဗိုလ်ချုပ်ဈေး)၊ (မောင်တင်ထွန်းခိုင်)၊ (မောင်ညီညီခိုင်)တို့၏မိခင်၊ မောင်ဝိုင်းချစ်ဦး၊ (မောင်ချမ်းထူး)၊ မဝိုင်းမြတ်နိုး၊ မဝိုင်းပိုပိုချစ်တို့၏ အဘွားသည် ၂၆-၁၂-၂၀၀၃ရက် (သောကြာနေ့) ၁၂:၁၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၀၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၃၃၊ ဇောတိကလမ်း၊ ကျောက်မြောင်းနှင့် ရွှေတောင်တန်းလမ်းအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကျော်ဆန်းဝင်း
B.Sc. (D.S.A), စတသ(၃၁)
အသက်(၃၅)နှစ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ-ဒေါ်အေးပြည့်ဝေခင်တို့၏သားသမက်၊ ဦးအေး-ဒေါ်အုန်းရီတို့၏သား၊ မကလျာပြည့်ဝေသျှန်(M.Dပြည့်ဝေသျှန်ကုမ္ပဏီများလီမိတက်)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၀-၁၂-၂၀၀၃ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်မြတ်သက်အေး
(MD, Quartz Int'l Co., Ltd.)

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကျော်ဆန်းဝင်း
B.Sc. (D.S.A), စတသ(၃၁)
အသက်(၃၅)နှစ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဇနီး ဒေါ်အေးပြည့်ဝေခင်တို့၏ သားသမက်၊ ဦးအေး-ဒေါ်အုန်းရီတို့၏သား၊ မကလျာပြည့်ဝေသျှန်(M.D ပြည့်ဝေသျှန်ကုမ္ပဏီလီမိတက်)၏ ခင်ပွန်း ဗိုလ်မှူးကျော်ဆန်းဝင်းသည် ၁၀-၁၂-၂၀၀၃ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးခင်မောင်လေး-ဒေါ်ကြူကြူ
ဂန္ဓမာရုံးသုံးစက်လုပ်ငန်းလီမိတက်။

ရဟန်းဒါယိကာမကြီး
ဒေါ်ကျင်မြိုင်
(ကန်တော်ကလေး)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး(တောင်)ရပ်ကွက်၊ ဓမ္မာရုံဖြတ်လမ်း၊ အမှတ် ၃၇ နေ (ဦးစံဟန်-ဒေါ်ညား)တို့၏သမီး၊ (ဦးလှအောင်)၏ဇနီး၊ (ဦးကောက်-ဒေါ်စိုးမေ)တို့၏အစ်မ၊ ဒေါ်သန်းစိန် (ဟိုတယ်/ခရီး)၊ ဒေါ်မော်မော်ဆွေ (သမဦးစီး၊ ငြိမ်း)-ရဲမှူးကြီးညိုဝင်း၊ ဒေါ်ခင်ခင်၊ ဒေါ်ခင်မာလာ(လယ်/သစ်၊ငြိမ်း)-ဦးမျိုးမြင့်၊ (ဦးမြလွင်၊ သတ္တုတွင်း-၂)တို့၏မိခင်၊ မဝင်းနုနုညို-မောင်ညီညီထွန်း၊ မဝင်းမေလွင်၊ မမေစပယ်ညို၊ မောင်မျိုးသန့်လွင်၊ မခိုင်သူဇာညို၊ မအိသန္တာမျိုးတို့၏အဘွားသည် ၂၅-၁၂-၂၀၀၃ ရက် ည ၁၀:၄၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၀၃ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်စိန်
(ဝါးခယ်မ၊ ရွှေလောင်း)
အငြိမ်းစား၊ ဘဏ္ဍာရေးမှူး၊ စက်မှု(၁)
သမိုင်းချည်မျှင်နှင့်အထည်စက်ရုံ
အသက်(၇၀)

ဝါးခယ်မမြို့နယ်၊ ရွှေလောင်းရွာမနေ (ဦးဘစိန်-ဒေါ်သန်းခင်)တို့၏ သား၊ ကျိုက်လတ်မြို့နေ (ဦးမောင်သွင်-ဒေါ်အေးမေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၂၀၂/က၊ သမိန်ဗရမ်းလမ်း၊ (၇)ရပ်ကွက်၊ရွှေပြည်သာမြို့နေ ဒေါ်တင်သိန်း၏ခင်ပွန်း၊ ဦးမျိုးသန့်-ဒေါ်နှင်းနှင်းထွေး၊ ဒေါ်မော်မော်သန်း၊ (ဦးထွန်းထွန်းအောင်)၊ ဒေါ်တင်တင်ခိုင်-ဦးထွန်းထွန်းကျော်တို့၏ဖခင်၊ မသီရိမျိုးသန့်၊ မနှင်းသဇင်မျိုးသန့်၊ မမြတ်သီရိမျိုးသန့်၊ မောင်ချမ်းမြေ့ထွန်းတို့၏ အဘိုးသည် ၂၆-၁၂-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့်၂၈-၁၂-၂၀၀၃ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးအောင်စိန်မြင့် (ဦးအေး)
(သင်္ဃာရှမ်းသနပ်ဖက်ပွဲရုံ)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၆၃/၆၅ နေ (ဦးစံ-ဒေါ်တင်)တို့၏သား၊ ပဲခူးမြို့၊ ရွှေချိုးဆေးပေါ့လိပ်ပိုင်ရှင်(ဦးသူတော်-ဒေါ်မြတင်)တို့၏သားသမက်၊ဒေါ်အောင်ကြည် (Doris Taw) (အောင်မြင့်မိုရ်ကြေးအိုး)၏ခင်ပွန်း၊ဦးအောင်ဇော်ဟိန်း-ဒေါ်ခင်ဝေတင့်၊ဦးရဲဝင်း-ဒေါ်နီနီအောင်၊ ဦးခင်မောင်ထွန်း - ဒေါ်သူသူအောင်၊ ဦးအောင်ဝင်းသိန်း - ဒေါ်အေးအေးခိုင်၊ ဦးစောဝင်းမြင့်-ဒေါ်ချိုချိုအောင်၊ ဦးမြင့်ဟိန်း-ဒေါ်ဝေဝေအောင်တို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၂၅-၁၂-၂၀၀၃ရက် (ကြာသပတေးနေ့) ညနေ ၆:၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၀၃ ရက်(စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဲအုပ်မြင့်ဝင်း
ဒုရဲအုပ်လောင်းသင်တန်း
အမှတ်စဉ်(၁၆)
မြိတ်မြို့နယ်၊ယာဉ်ထိန်းရဲတပ်ဖွဲ့
အသက်(၄၄)နှစ်

ဧရာဝတီတိုင်း၊ လေးမျက်နှာမြို့နေ (ဦးအရီကွမ်း)-ဒေါ်သန်းစိန်တို့၏သား၊ ကော့သောင်းမြို့နေ ဦးထိန်လင်း-ဒေါ်လှလှဝေတို့၏သားသမက်၊ မြိတ်မြို့၊ ပြည်သူ့ဆေးရုံဝင်းနေ သူနာပြုဆရာမကြီး ဒေါ်စီစီလင်း၏ခင်ပွန်း၊ (မဝတ်ရည်ဝင်း)၊ မအေးသီတာဝင်း(အထက-၃၊ မြိတ်)တို့၏ဖခင်၊ လေးမျက်နှာမြို့နေ ဦးမိုးနိုင်၊ ဦးချစ်အေး၊ ဦးချစ်သန်း (ထောင်မှူးကြီး၊တောင်ငူ)၊ ဦးအောင်ဝင်း (ဒုကျောင်းအုပ်ကြီး၊ အထက၊ မင်္ဂလာဒုံ)တို့၏ညီ၊ ဒေါ်သီဌေး၊ ဆရာမကြီး ဒေါ်ကျင်နန်းတို့၏မောင်၊ ဒေါ်ကျင်ဝင်း၊ မကျင်သန်း(ခ)မတူး၊ မရီရီခိုင်တို့၏အစ်ကိုကြီးသည် ၂၅-၁၂-၂၀၀၃ရက် မွန်းလွဲ ၁:၃၀နာရီတွင် မြိတ်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၀၃ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် မြိတ်မြို့သုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မာ(ခ)ဒေါ်ခင်ရွှေ
M.E.I.C (ငြိမ်း)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာ၊ နဝဒေးအိမ်ရာ၊ ၅၇/၂၀ နေ (ဦးသောင်းရ-ဒေါ်ငွေရင်)တို့၏သမီး၊ (ဦးဘလှ)၏ဇနီး၊ (ဦးပါ)-ဒေါ်ကြည်၊ ဦးသာစိန်-(ဒေါ်မြရီ)၊ (ဦးသာရွှေ)၊ (ဦးစောလှိုင်)-ဒေါ်ခင်စန်းရင်၊ ဦးအေး-ဒေါ်မြင့်မြင့်တို့၏အစ်မကြီး၊ (ဦးစိုးအောင်)-ဒေါ်ငွေစမ်း၊ ဗိုလ်မှူးကြီးလင်းမောင်-Dr. မေမာလာ၊ ဦးဘအုပ်-(ဒေါ်သူဇာ)တို့၏မိခင်၊ မနွယ်နွယ်စိုး၊ မနီလာစိုး၊ မစန္ဒာစိုး၊ မတင်တင်စိုး၊ ဇာခြည်စိုး၊ Dr.ကျော်ထူးလင်း-မစမ်းဇာအောင်၊ မမီမီလင်းမောင်(ခ)ဇင်မာလင်း၊ မောင်ရန်နောင်အုပ်တို့၏အဘွားသည် ၂၅-၁၂-၂၀၀၃ရက် ၈:၃၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၇-၁၂-၂၀၀၃ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ဦးဝိစာရလမ်း အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ဦးတင့်လှိုင်
B.E (Mech:)
(OW°/°SSC Shipping, Singapore)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ (ဦးစောလှိုင် ဒု-ညွှန်ချုပ်၊ ဆည်မြောင်း၊ ငြိမ်း)-ဒေါ်ရီရီလွင်တို့၏ဒုတိယသား၊ ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ကျိုက်ဝိုင်းဘုရားလမ်း၊ ပျော်ဘွယ်လေးကြိုးစက်ဝင်း၊ အမှတ် ၃၃(စီ)နေ ဗိုလ်မှူးကြီးခင်မောင်တည်(ငြိမ်း)-ဒေါ်လှလှတို့၏သားသမက်၊ ဒေါ်ရီရီခင်၏ခင်ပွန်း၊ မောင်သက်ထူးလှိုင်၏ဖခင်၊ဦးဝင်းလှိုင်-ဒေါ်ခင်မာအေးတို့၏ညီ၊(ဦးကျော်ကျော်လှိုင်)၊ ဦးဌေးလှိုင်-ဒေါ်ကြည်ကြည်မျိုးပိုင်တို့၏အစ်ကို၊ ဦးသန်းထွဋ်-ဒေါ်တင်ဇာညီတို့၏ညီ၊ ဦးသက်စိုး-ဒေါ်စိုးသန္တာ၊ ဦးကျော်နိုင်ဝင်း-ဒေါ်သက်သက်ခင်တို့၏အစ်ကို၊ တူ တူမ ကိုးယောက်တို့၏ ဘကြီးသည် ၂၂-၁၂-၂၀၀၃ရက်တွင် ကွယ်လွန်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

၂၈-၁၂-၂၀၀၃ရက်(တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်နန်းဆာ(ခ)
ဒေါ်ကျန်းမာရင်း
(ကျောက်မဲမြို့)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ၈၆/၃၀၊ ဇောတိကလမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးခွန်နောင်-ဒေါ်ခင်ပြုံးခိုင်၊ ဦးဝင်းမြင့်-ဒေါ်နန်းငွေကြူ၊ ဦးလှဦး-ဒေါ်ဝမ်ရှိုတို့၏မိခင်၊ မြေး ၁၂ ယောက်တို့၏အဘွား၊ ကျောက်မဲမြို့နေ(ဦးဝမ်လီပွဲ)၏ဇနီးသည် ၂၆-၁၂-၂၀၀၃ရက် (သောကြာနေ့) မွန်းလွဲ ၁၂:၄၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၃၀-၁၂-၂၀၀၃ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၁-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၈ နာရီမှ ၁၂နာရီအထိ နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးညွန့်တင် (စစ်ကွင်း)
ဒုညွှန်မှူး၊ စစစ (ငြိမ်း)
အသက်(၇၀)

ပဲခူးတိုင်း၊စစ်ကွင်းမြို့နေ(ဦးရန်စူး-ဒေါ်အုန်းရင်)တို့၏သား၊(ဝဏ္ဏကျော်ထင်ဦးဘိုးသန့်-ဒေါ်မြတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၅)ရပ်ကွက်၊ပင်လုံလမ်း၊အမှတ် ၁၀၆၆ နေ ဒေါ်ခင်လေး(အထက-၂၊ ပန်းဘဲတန်း၊ ငြိမ်း)၏ခင်ပွန်း၊ ကိုအောင်ခင်ညွန့်-မနုနုဝင်းတို့၏ဖခင်၊ မဝင်းပပဖြိုး၏အဘိုး၊ (ဒေါ်မြကြည်)၊ ဒေါ်သန်းတို့၏မောင်သည် ၂၆-၁၂-၂၀၀၃ရက် (သောကြာနေ့) ညနေ ၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၈-၁၂-၂၀၀၃ရက် နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးတင်အောင်
အငြိမ်းစား၊စာကြည့်တိုက်မှူး
(ဗဟိုဝန်ထမ်းတက္ကသိုလ်)
အသက်(၆၈)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းရပ်ကွက်၊ ၄ လမ်း၊ အမှတ် ၁၂၈ နေ ဦးတင်လှ-ဒေါ်ညွန့်တို့၏သား၊ ဒေါ်ယဉ်နု၏ခင်ပွန်း၊ ဒေါ်နုနုအောင် (ပြင်ဦးလွင်မြို့နယ်၊ သစ်တောဦးစီး) ဦးခင်ဇော်အောင်၊ ဒေါ်အေးအေးမြင့်၊ ဦးထွန်းသစ်အောင်(မြန်မာ့သင်္ဘောကျင်းလုပ်ငန်း)တို့၏ဖခင်၊ မြေး သုံးယောက်တို့၏အဘိုးသည် ၂၆-၁၂-၂၀၀၃ရက် မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၀၃ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးရွှေချင် (လပွတ္တာမြို့)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၉၊ ၁၃ လမ်း၊ လမ်းမတော်နေ (ဦးအိန္ဒန်း-ဒေါ်ရွှေအိမ်)တို့၏သား၊ ဦးစီခီး-(ဒေါ်ယုကေ)တို့၏ သားမက်၊ဒေါ်ညွန့်ရင်၏ခင်ပွန်း၊ဦးကျင်အောင်-ဒေါ်လတ်ခင်တို့၏ မောင်၊ ဦးဆက်တင်-ဒေါ်တင်တင်မြင့်၊ ဦးကင်ယွန်း-ဒေါ်လက်တင်၊ ကိုရှမီးတို့၏အစ်ကို၊ မောင်တုံတုံ-မယဉ်ယဉ်ဝင်း၊ မောင်ကစ်ဖိန်-မစန်းစန်းဝေ၊မောင်သန့်ဇော်ဟိန်း-မမေဟွန်း၊ မောင်ကစ်တိုက်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၆-၁၂-၂၀၀၃ရက် (သောကြာနေ့) နံနက် ၁:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈-၁၂-၂၀၀၃ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (၁၃ လမ်းနေအိမ်မှ နံနက် ၉:၃၀ နာရီတွင် ကားများ ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်မောင်
စာရင်းကိုင်(၁)၊ တည်ဆောက်ရေး(၈)
ဆည်မြောင်းဦးစီးဌာန၊ ဂန့်ဂေါမြို့
အသက်(၅၈)နှစ်

(ဦးကျော်ညွန့်-ဒေါ်စောမြ)တို့၏ သား၊တောင်သာမြို့နေ(ဦးဘဦး-ဒေါ်အုံးမြိုင်)တို့၏ သားသမက်၊ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးသက်နိုင်ဝင်း-ဒေါ်အေးမိုးစံ၊ မောင်စိုးမင်းထွေး၊ ဦးအေးကြူ-ဒေါ်နှင်းဇာခြည်၊မောင်ကျော်ဝင်းသူတို့၏ဖခင်သည် ၂၅-၁၂-၂၀၀၃ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၀၃ရက်(စနေနေ့)မွန်းတည့် ၁၂ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ဆည်မြောင်းဦးစီးဌာနရုံးချုပ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၂-၂၀၀၃ရက်(တနင်္လာနေ့)တွင် စိုက်ပျိုးရေးဓမ္မ ဗိမာန်ကျောင်း၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးမြသန်း (လေးလေး)
စက်မှုကျွမ်းကျင်(၄)
ယာဉ်စု-၁၊စက်ရုံနှင့်မော်တော်ယာဉ်ဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ
အသက်(၅၁)နှစ်

ဓနုဖြူမြို့နယ်၊ စံကင်းကျေးရွာနေ (ဦးငြိမ်း-ဒေါ်လှရင်း)တို့၏သား၊ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့စည်ပင်အုတ်လိုင်း ၁၊ အခန်း ၃ နေ (ဦးခင်မောင်)-ဒေါ်တင်လှိုင်တို့၏မောင်၊ဦးချစ်သိန်း-ဒေါ်စုစုနိုင်၊ ဦးမြင့်ဌေး-ဒေါ်ခင်မိုး၊ ဦးဝင်းမြင့်-ဒေါ်ခင်နိုင်၊ ဦးစိုးပိုင်-ဒေါ်စုစုလှိုင်၊ ဦးမျိုးသူ-ဒေါ်အေးအေးသန်း၊ မနီနီကျော်ဝင်းတို့၏ဦးလေး၊ တူ တူမ ၁၀ ယောက်တို့၏ ဘကြီးသည် ၂၅-၁၂-၂၀၀၃ရက် ညနေ ၃ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၀၃ရက် (တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးထွန်းကြည်
D.M.O (P.P.S.C)၊ ငြိမ်း
အသက်(၈၂)နှစ်

စစ်ကွင်းမြို့နေ(ဦးဘအေး-ဒေါ်သိန်းမြ)တို့၏သား၊ ဒေါ်စောရီ၏မောင်၊ ရန်ကုန်မြို့၊ အမှတ် ၆၀၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းနေ ဒေါ်သောင်း၏ခင်ပွန်း၊ဒေါ်စောမြိုင်၏အစ်ကို၊ ဦးသန်းထွဋ်-ဒေါ်စန်းစန်းထွန်း (M.P.P.E၊ ဟသ်ာတ)၊ ဦးမြဟန်-ဒေါ်ချစ်သန်း (M.P.P.E)၊ ဦးတင်ဝင်း-ဒုတိယဗိုလ်မှူးကြီးဒေါ်ခင်မော် (သားဖွားနှင့်မီးယပ်အထူးကု၊မင်္ဂလာဒုံ)၊ ဒေါ်ဌေးဌေးထွန်း(M.P.P.E)တို့၏ဖခင်၊ မသန္တာတင်(ကွန်ပျူတာတက္ကသိုလ်)၊မခိုင်ခိုင်စိုး (X-D, T.T.C)၊ မအိဖွေ့ပွင့် (X-D, T.T.C) တို့၏ အဘိုးသည် ဆာကူရာအထူးကုဆေးခန်း၌ ၂၅-၁၂-၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၀၃ရက် (စနေနေ့) နံနက်၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးမောင်မောင်လှ
(ကန်တော်ကလေး)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် ၁၀၇နေ(ဦးညွန့်မောင်-ဒေါ်အေးသင်)တို့၏သား၊ (ရွှေပန်းထိမ်ဆရာကြီး ဦးစိုးမောင်-ဒေါ်အုန်းမြ)တို့၏ သားသမက်၊ (ဒေါ်ရင်မြ)၏ခင်ပွန်း၊ ဒေါ်စန်းစန်းလှ (ကုန်သွယ်/ဦးစီး)၊ ဦးဝင်းမြင့် (Golden Orchid° Co.,° Ltd.)၊ ဦးသန်းဌေး-ဒေါ်ဌေးဌေးဝင်း(အထက-၄၊ တောင်ညွန့်)၊ဦးခင်မောင်ဌေး-ဒေါ်နီနီထွန်း၊ ဦးလှဌေး(M.E.S Co., Ltd.)-ဒေါ်ဝင်းဝင်းချို၊ ဒေါက်တာဝင်းဌေး-ဒေါ်မြမြသင်းတို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏ဘိုးဘိုးကြီးသည်၂၅-၁၂-၂၀၀၃ရက် (ကြာသပတေးနေ့)ည ၇:၃၅ နာရီတွင် ရွှေဂုံတိုင်အထူးဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၇-၁၂-၂၀၀၃ရက် (စနေနေ့)ညနေ၄နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒုရဲမှူးကြီးထွန်းရီ (ငြိမ်း)
(ထားဝယ်)
အသက်(၇၄)နှစ်

ထားဝယ်မြို့၊ အနောက်ရပ်၊ မြို့တွင်းလမ်းနေ (ဦးသာဒွန်းညို-ဒေါ်ညွန့်)တို့၏သား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ၄၀ လမ်း၊ အမှတ် ၁၃၁ နေ (ဒေါ်သန်းသန်းရီ)၏ခင်ပွန်း၊ ဒေါ်ရီရီ၏မောင်၊ (ကိုတင်ရှိန်-မမြမြစိန်)၊ ကိုတင်နိုင်၊ ကိုတင်ထွန်း(Total E & P Myanmar)-မခင်နီလာအောင်၊ ကိုအောင်စိုး၊ ကိုအောင်မြတ်ကို-မအေးအေးသန်း (စီးပွားရေးတက္ကသိုလ်)၊ ကိုဝဏ္ဏကျော်သူဝင်း-မမြတ်မြတ်ထွန်းတို့၏ဖခင်၊မြေးလေးယောက်တို့၏ အဘိုးသည် ၂၆-၁၂-၂၀၀၃ရက် နံနက် ၀၀:၀၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၈-၁၂-၂၀၀၃ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ယောနယ်အသင်း(ရန်ကုန်)
ဒေါ်မြစု (ကန်ရွာ)
(မြစ်သာအော့ဖ်ဆက်)
အသက်(၅၅)နှစ်

မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ ကန်ရွာနေ ဦးဖေမောင်-ဒေါ်အေးဝတို့၏သမီး၊ ဒေါ်မြကြိုင်၊ ဒေါ်မြပို၊ ဒေါ်မြပုတို့၏ညီမ၊ ရန်ကုန်မြို့၊ ၃၇ လမ်း၊ အမှတ် ၁၄၀ နေ ဦးအောင်မြ(မြစ်သာ အော့ဖ်ဆက်)၏ဇနီး၊ ဗိုလ်ကြီးနေမျိုးအောင်(OTT)၊ မခင်မျိုးအောင်၊ မောင်ဝေဖြိုးအောင်၊ မပပစုအောင်၊ မောင်သန်းကျော်စုအောင်တို့၏မိခင်သည် ၂၆-၁၂-၂၀၀၃ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၀၃ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ် ၈၄၊ ၃၇ လမ်းနေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ရတ္တညု
ဝေဠုဝန်နိကာယ ဩဝါဒါစရိယဆရာတော်
သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဇောတိက ၁ လမ်း၊ ဇောဓိရိပ်သာကျောင်းတိုက်၊ ဇောဓိရိပ်သာကျောင်း ပဓာနနာယက ဆရာတော်ကြီးသည် ၁၃၆၅ခုနှစ် ပြာသိုလဆန်း ၃ ရက် (၂၅-၁၂-၂၀၀၃ရက်) ကြာသပတေးနေ့ ည ၇:၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် ပြာသိုလဆန်း ၅ ရက်(၂၇-၁၂-၂၀၀၃ရက်)စနေနေ့ မွန်းလွဲ ၁ နာရီတွင်ရေဝေးသုသာန်သို့ပင့်ဆောင်ပြီး အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဝိလာသ
သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၄)ဝါ

ရန်ကုန်တောင်ပိုင်းခရိုင်၊ သုံးခွမြို့နယ်၊ ကျောင်းစုပတုပ်ကျေးရွာ၊ ကျောင်းစုပတုပ်ကျောင်း၏ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိလာသသည် ၁၃၆၅ခုနှစ် ပြာသိုလဆန်း ၃ ရက် (၂၅-၁၂-၂၀၀၃ရက်) ည ၉ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၃၆၅ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက် (၈-၁-၂၀၀၄ရက်)တွင် ကျောင်းစုပတုပ်ကျေးရွာ၌ အန္တိမအဂ္ဂိဈာပန ကျင်းပမည်ဖြစ်ကြောင်း ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကော်မတီ။

ဒေါ်အုန်းကြည်
(သိမ်ကြီးဈေး၊ ရန်ကုန်)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၄၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်နေ (ဦးမာဒီး-ဒေါ်စု)တို့၏သမီး၊ (ဒေါ်မြကြည်)၊ (ဒေါ်မြရီ)၊ ဒေါ်မြသီ၊ ဦးသောင်းစိန်တို့၏ ညီမ၊ ဒေါ်မြင့်မြင့်၏အစ်မ၊ ဦးစိန်ကြည်၏ဇနီး၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးကြည်မင်း၊ ဦးကြည်ဝင်း၊ ဦးကြည်မြင့်၊ ဒေါ်ကြည်ကြည်မြင့်၊ ဦးကြည်အေး၊ ဦးကြည်လေး၊ ဗိုလ်မှူးဒေါ်ခင်မမ[အမှတ်(၂)တပ်မတော်ဆေးရုံ]တို့၏မိခင်ကြီးသည် ၂၅-၁၂-၂၀၀၃ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၁၂-၂၀၀၃ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်တင့်
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၃၀)ရပ်ကွက်၊ ဣန္ဒာသရလမ်း၊ အမှတ် ၃၁နေ ဦးကြည်မြင့်-ဒေါ်ညီညို၊ ဒုတိယ ဗိုလ်မှူးကြီးညီညီ-ဒေါ်ခင်အေးကြူ၊ ဦးအောင်ကျော်ဦး (အကျဉ်းဦးစီးဌာန၊မန္တလေး)-ဒေါ်ချိုချိုမာ၊ ဦးမြင့်ဆွေ၊ မပပ၊ ဦးလှိုင်ထွန်း-ဒေါ်မိမိမာ၊ ကိုစိုးမိုးအောင်၊ မသီတာသန်း၊ ကိုညီညီအောင်-မခင်နီစန်းတို့၏ မိခင်သည် ၂၅-၁၂-၂၀၀၃ရက် ည ၉:၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၁၂-၂၀၀၃ရက် နံနက် ၁၁ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စိန်ကြည် (ဇရပ်လှ)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊အလုံမြို့နယ်၊အောင်ဇေယျရိပ်သာ၊ ၃၃/၁ နေ (ဦးမောင်ကျော့-ဒေါ်အုံးတင်)တို့၏သမီးကြီး၊ (ဦးထွန်းရွှေ)၏ဇနီး၊ ဦးခင်မောင်ငြိမ်း-(ဒေါ်ခင်စောဦး)၊ ဦးရင်မောင်ငြိမ်း-ဒေါ်တင်စိန်၊ ဦးတင်အောင်-(ဒေါ်တင်လှိုင်)-ဒေါ်ဝေဝေ၊ (ဦးထွန်းအောင်-ဒေါ်စန်းတင်)တို့၏အစ်မကြီး၊ ဦးခင်ဝင်း-ဒေါ်ခင်နွဲ့ရည်၊ ဦးဌေးဝင်း-ဒေါ်မြင့်ညို၊ ဦးချိုဝင်း-ဒေါ်တင်တင်ထွေး၊ ဦးဝင်းမော်-ဒေါ်ရူပါကျော်တို့၏မိခင်သည် ၂၅-၁၂-၂၀၀၃ ရက်တွင်ကွယ်လွန်ပါသဖြင့် ၂၇-၁၂-၂၀၀၃ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်အမာရီ
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၆၊ ၃ လမ်း၊ စံရိပ်ငြိမ်၊ ကမာရွတ်မြို့နယ်နေ(ဦးစိန်-ဒေါ်မြကျင်)တို့၏သမီး၊ (ဦးမိုး)မြန်မာ့သစ်လုပ်ငန်း၏ဇနီး၊ ဦးဖေတင်(ကျောင်းအုပ်ကြီး၊အထက၊ငြိမ်း)-ဒေါ်လှလှမြင့်၊ ဦးမောင်မောင် (တရားရုံးချုပ်ရှေ့နေ)-ဒေါ်အေးအေးမြင့်၊ (ဦးအောင်မြင့်)၊ ဒေါက်တာမောင်သိန်း-ဒေါ်စန်းစန်းမြင့်၊ ဦးအေးကြွယ် (လ/ထ ညွှန်မှူး၊ စစစ)-ဒေါ်အေးအေးသိန်းမြင့်တို့၏မိခင်၊ မြေး ၁၄ယောက်တို့၏အဘွားသည် ၂၆-၁၂-၂၀၀၃ရက်(သောကြာနေ့)နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါ၍ကွယ်လွန်သူ၏ဆန္ဒအရယင်းနေ့ညနေ၃နာရီတွင်သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်ရွှေ
အသက်(၈၀)

အမှတ် ၂၈၄၊ ကျုံးကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ (ဦးစိန်ကြည်)၏ဇနီး၊ ဒေါ်တန်ဝက်စူး(ခ) ဒေါ်မြအေး-ဦးအောင်မြင့်၊ ဒေါ်တင်အေး၊ ဒေါ်တန်ဝက်အိန်-(ဦးအလုံး)၊ ဦးအောင်လှ-ဒေါ်ကြူကြူမြင့်၊ (မလှရီ)၊ ကိုသန်းထွေး၊ ကိုထွန်းကြည်၊ မခင်မြင့်၊ ကိုဥာဏ်ထွန်း၊ ဦးထွန်းလှ-ဒေါ်စန်းစန်းဌေး၊ မခင်အေးတို့၏မိခင်၊ မြေး ခုနစ်ယောက်တို့၏အဘွားသည် ၂၅-၁၂-၂၀၀၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၁၂-၂၀၀၃ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဦးလှအေး
(ကက-ငွေ၊ ရုံးအုပ်)
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ၈၇၄၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဦးထွန်းတင်-ဒေါ်သန်းရွှေ)တို့၏ သား၊ ဦးသန်းထွန်း(M.T.M Shipping Co., Ltd.) - ဒေါ်စန်းကြည် (အလက-၅၊ မရမ်းကုန်း)တို့၏မောင်၊ ဦးမောင်မောင်-ဒေါ်ချို၊ ဦးအောင်သိန်း (စက္ကူစက်)-ဒေါ်ညိုညိုမြင့်၊ ဦးသန့်ဇော်အေး(Hans Eatic Shipping Co., Ltd.)-ဒေါ်လဲ့လဲ့ထွန်းတို့၏ အစ်ကို၊ ဒေါ်သီတာမြင့် (ရုံးအုပ်၊ ကက-ငွေ)၏ခင်ပွန်း၊ မနှင်းသီရိအောင်(အလက-၅၊ မရမ်းကုန်း)၏ဖခင်၊တူ တူမရှစ်ယောက်တို့၏ဘကြီးသည် ၂၆-၁၂-၂၀၀၃ရက် (သောကြာနေ့) နံနက် ၂:၁၅ နာရီတွင် UHC အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၈-၁၂-၂၀၀၃ရက် မွန်းတည့် ၁၂ နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်သူရစိန်(ခ)စိန်တုံး
သစ်ဆန်းမိတ္တူ (ပန်းဆိုးတန်း)
ကောင်းခန့်မိတ္တူ (၃၇ လမ်း)
အသက်(၃၁)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ အိမ်အမှတ် ၂၀၉၊ ပန်းဆိုးတန်းလမ်း (သစ်ဆန်းမိတ္တူ)နေ (ဦးသန်းစိန်)-ဒေါက်တာဒေါ်ခင်ခင်ယုတို့၏သားကြီး၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ၃၇ လမ်း၊ အိမ်အမှတ် ၉၀၊ မြေညီထပ်(ယာ)နေ ဦးဘရွှေ-ဒေါ်လှလှဌေးတို့၏ သားသမက်၊ မမိုးမိုးနွယ်၏ ခင်ပွန်း၊ မခင်မြမြစိန်၏မောင်၊ ဒေါက်တာကျော်လှစိန်၊ဦးမောင်မောင်ထွန်း-မသီဂိစိန်တို့၏အစ်ကို၊ မောင်ခန့်ပြည့်တို့၏ဖခင်၊ မယွန်းဝတီထွန်း၏ ဦးလေးသည် ၂၄-၁၂-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆:၁၅ နာရီတွင် ရန်ကုန် ဦးနှောက်နှင့်အာရုံကြောအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၀၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၃၇ လမ်း နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ တရုတ်ဝန်ကြီးချုပ်ထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပို့

ရန်ကုန် ဒီဇင်ဘာ ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်တောင်ပိုင်းဒေသ ချုံချင့်ပြည်နယ်တွင် သဘာဝဓာတ်ငွေ့လုပ်ငန်းခွင်၌ ပေါက်ကွဲမှုကြောင့် အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လက်မှုလုပ်ငန်းအဆင့်မှ သမားရိုးကျစက်ပစ္စည်းများသုံးစွဲနိုင်သည့်အဆင့်ရောက်ရှိနေ ခေတ်မီစက်ပစ္စည်းများသုံးစွဲပြီးတန်ဖိုးမြင့်စက်မှုထုတ်ကုန်များထုတ်လုပ်နိုင်အောင်ကြိုးစား

ရန်ကုန် ဒီဇင်ဘာ၂၆

စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမဆောင်၌ကျင်းပသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းဝင်ဓာတ်ပုံများ

"နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အခြေခံအကျဆုံး မဏ္ဍိုင်ဖြစ်သည်ဟု တပ်မတော်အစိုးရက အခိုင်အမာ ယုံကြည်ထားပြီးဖြစ်သည်။"

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး **"သမိုင်းတစ်ခေတ်နိုင်ငံသစ်ဆီသို့"** ကို စာမျက်နှာ(၈နှင့်၉)တွင် ဆက်လက်ဖော်ပြထားပါသည်။ **(မြန်မာ့အလင်း)**

ကျော်ခိုင်(ကာကွယ်ရေး) ရွှေ(၃)

တင်တင်ခိုင်(မြို့တော်စည်ပင်)ရွှေ(၃)

မြခိုင်(လူမှုဝန်ထမ်း) ရွှေ(၂)

မသန်သော်လည်းစွမ်းကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ဒုတိယအကြိမ်အာဆီယံပြိုင်ပွဲ၌ ရွှေ ၁၇၊ ငွေ ၁၀၊ ကြေး ၇ခုရရှိထား

သတင်းဆောင်းပါး-မောင်မောင်စိုး

ရန်ကုန် ဒီဇင်ဘာ ၂၆

မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်သည် အားကစားဝန်ကြီးဌာနအောက်ရှိ အားကစားအဖွဲ့ချုပ်များအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ၁၉၇၅ ခုနှစ် ဂျပန်နိုင်ငံ ဟိုကီဟာမြို့တွင် အရှေ့ဖျားနှင့်တောင်ပစိဖိတ်နိုင်ငံများ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်ကို စတင်ဖွဲ့စည်းစဉ်ကပင် မြန်မာနိုင်ငံသည် အသင်းဝင် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❁

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဆိုနီစက်ရုပ်များ

ဆိုနီကုမ္ပဏီမှ ထုတ်လုပ်ထားသော ကရီအိုအမည်ရှိ လူသားစက်ရုပ်များ ဟန်ချက်ညီညီ လှုပ်ရှားပြသနေသည်ကို တိုကျိုမြို့တွင်ပြုလုပ်သည့် ဆိုနီသိပ္ပံ အကြိုပြသမှုတစ်ရပ်၌ တွေ့ရစဉ်။

(အောက်ပုံ) (အေအက်ဖ်ပီ)





ပင်လယ်လိပ်ကြီးကို ဆန်တာကလော့စ်အစာကျွေး

အပေါ်ပုံမှာ ဆန်တာကလော့စ်ဝတ်စုံဝတ်ထားသော ရေငုပ်သမားတစ်ဦး ဒီဇင်ဘာ ၁၁ ရက်၌ ဘေဂျင်းရှိ ငါးနှင့် အခြားရေသတ္တဝါများလှောင်ရန် ဖန်ဖြင့်ပြုလုပ်ထားသော ငါးပြတိုက်ကန်ကြီးအတွင်း၌ ပင်လယ်လိပ်ကြီးတစ်ကောင်ကို အစာကျွေးနေပုံဖြစ်သည်။ ခရစ္စမတ်ပွဲတော်သည် တရုတ်နိုင်ငံတွင် လူကြိုက်ပိုများလာလျက်ရှိသည်။ **(ရိုက်တာ)**

ချင်းရိုးရာနှစ်သစ်ကူးပွဲတော်တွင် ခွာဒိုအကဖြင့် ဖျော်ဖြေစဉ်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှ ချင်းတိုင်းရင်းသားရိုးရာ ခွာဒိုပွဲတော်

လေ့လာရေးသားသူ- လုစိန်၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်တိုင်း သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ဒီဇင်ဘာ ၂၀ ရက်က ချင်းရိုးရာ ခွာဒိုပွဲတော်ကျင်းပကြောင်းသိရ၍ မြန်မာ့အလင်းသတင်းအဖွဲ့ သတင်းဆောင်းပါးဖော်ပြရန် ပွဲတော်ကျင်းပရာ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ သွားရောက်ခဲ့ကြသည်။

ချင်းရိုးရာ ခွာဒိုပွဲတော်ကျင်းပရာ ချင်းရွာသို့ ရောက်သောအခါ ခွာဒိုပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဝမ်လျန်းထန်နှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ✲

ချင်းတိုင်းရင်းသားနှင့်တိုင်းရင်းသူတို့ကို ရိုးရာဝတ်စုံ၊ရိုးရာတူရိယာဖြင့် တွေ့ရစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ယနေ့ထုတ်စောင်ရေ - ၂၀၂၄၈၉